# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 April 2023 ၁၁၀၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**စိုက်ပျိုးရေမျာ လုံလောက်စွာရရှိမည်ဆိုပါက သီးထပ်စွမ်းအားများတိုးတက်ပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်**

# စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံစီးပွားမှာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆင်သေချောင်း ယာယီရေထိန်းဆည် တည်ဆောက်ထားမှုနှင့် ဆိုလာရေတင်လုပ်ငန်းဆောင်ရွက်ပြီး ရေပေးဝေနေမှု၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှားတောကျေးရွာ ဆိုလာစနစ်သုံး ရေတင်စနစ်ဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ကြေးမုံ

# လေထုညစ်ညမ်းမှုဖြေရှင်းရေး နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရက ဦးတည်ချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိပြီး ပြည်သူများကျန်းမာရေးအတွက် အရေးကြီးသည့်အချက်တစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ပါးရေးကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွင် မြေပြင်၊ ရေပြင်၊ လေထုမသန့်ရှင်းမှုအမျိုးမျိုးပါဝင်ပြီး လေထုသန့်ရှင်းမှုအခြေအနေကို သိရှိနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း၌ လေထုအရည်အသွေးလေ့လာဆန်းစစ်ချက်ကို ပုံမှန်ပြုလုပ်လျက်ရှိသည်။

လေထုအရည်အသွေးသည် နေရာတစ်ခု၌ ပုံမှန်အားဖြင့်မရှိနိုင်ဘဲ လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု၊ မော်တော်ယာဉ်သုံးစွဲမှု၊ စက်ရုံအလုပ်ရုံနှင့် ပတ်ဝန်းကျင်မှ အခိုးအငွေ့ထုတ်လွှတ်မှုစသည့်အချက်များအပေါ်မူတည်၍ အပြောင်းအလဲဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် လေထုအရည်အသွေးကို လစဉ်ပုံမှန်လေ့လာဆန်းစစ်ချက်အရ ပြီးခဲ့သည့်လက ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တာချီလိတ်မြို့ ပတ်ဝန်းကျင်လေထုသည် ခံနိုင်ရည်နည်းပါးသူများအတွက် ထိခိုက်နိုင်သောမြို့ဖြစ်သည်ဟု သိရှိခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီး လူနေမထူထပ်သောမြို့ဖြစ်ပါလျက် လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ခြင်းသည် ဒေသတွင်းပတ်ဝန်းကျင်နှင့် အကြောင်းဆက်စပ်မှုရှိမည်ဖြစ်သည်။

သုံးနိုင်ငံထိစပ်နေသော ပတ်ဝန်းကျင်၌ လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့မှုတွင် တောမီးလောင်ကျွမ်းခြင်းသည် အဓိကဖြစ်ကြောင်း ဧပြီလ ၇ ရက်နေ့ကပြုလုပ်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်အစည်းအဝေးမှ သိရှိခဲ့ရသည်။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံဒေသတွင်း ထိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့ကြားတွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ မဲခေါင်ဒေသခွဲနိုင်ငံများတွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု ပိုမိုများပြားလာသည်။ ၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါကာလများတွင် မြန်မာနိုင်ငံအတွင်း ရာသီဥတုပူပြင်းမှုကြောင့် နိုင်ငံအရှေ့ပိုင်းတစ်ခြမ်းလုံးတွင် တောမီးလောင်ကျွမ်းမှုများ များပြားခဲ့သည်။ အာဆီယံမှရရှိသော အချက်အလက်များအရ မီးခိုးမြူငွေ့ သိပ်သည်းစွာဖြစ်ပေါ်မှုသည် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအရှေ့ပိုင်း၌ အနည်းငယ်ဖြစ်ပေါ်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် ပိုမိုဖြစ်ပေါ်ခဲ့သည်။ ဧပြီလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့တွင် အနည်းငယ်ဖြစ်ပေါ်ပြီး လာအိုနိုင်ငံတောင်ပိုင်းတွင် ပိုမိုဖြစ်ပေါ်ကာ ဧပြီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံအရှေ့ဖျား၊ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတွင် သိပ်သည်းစွာဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်း၌ဖြစ်ပေါ်နေသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ ပြဿနာဖြေရှင်းနိုင်ရေးနည်းလမ်းများ ရှာဖွေနိုင်ရန် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် ညှိနှိုင်းအစည်းအဝေးကိုပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့ ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြသည်။ ယခုအစည်းအဝေးသည် သုံးနိုင်ငံအကြား ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှုပြဿနာနှင့်ပတ်သက်၍ ပထမဆုံးကျင်းပပြုလုပ်သည့်အစည်းအဝေးဖြစ်သည်။

သုံးနိုင်ငံအကြားခံစားနေရသည့် မီးခိုးနှင့်လေထုညစ်ညမ်းမှုများကို နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သည်။ အဆိုပါပြဿနာကို ဖြေရှင်းဆောင်ရွက်ရာ၌ နိုင်ငံတော်အကြီးအကဲ အကြံပြုပြောကြားခဲ့သည့် သုံးနိုင်ငံနယ်စပ်ဒေသ၌ စိုက်ပျိုးရေးဆောင်ရွက်ရာတွင် တောင်ယာစိုက်ပျိုးမှုကို လျှော့ချရန်၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်းကို အကောင်အထည်ဖော်ရန်နှင့် မြေဩဇာရရှိရေးဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်နှင့် နည်းပညာများ အသုံးပြုဆောင်ရွက်ရန်ဟူသည့်အချက်များကို အလေးထား၍ နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သုံးနိုင်ငံနယ်စပ်ဒေသမှ ပြည်သူများ ကြုံတွေ့ခံစားနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ပြေလည်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံဒေသတွင်း ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ပြဿနာကို ဖြေရှင်းနိုင်ရေးနှင့် သုံးနိုင်ငံရှိပြည်သူများ၏ ကျန်းမာရေးကို အလေးထားရေး၊ အခြားလူမှုစီးပွားပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုပြဿနာကို နိုင်ငံအချင်းချင်း အရှိန်အဟုန်ပြင်းပြင်း လက်တွဲပူးပေါင်း ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန် အချက်များ

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## နယ်စပ်ရေးရာဝန်ကြီးဌာနက မောက်မယ်မြို့ မောက်စံဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ဆေးများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မောက်မယ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့ ဆီဆုံရပ်ကွက် မောက်စံဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ဆေးများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေး ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ
နိုင်ငံတစ်ဝန်း ရေထိန်းဆည်များ တည်ဆောက်၍ ဆိုလာစနစ် တွဲဖက်ပြီး ရေတင်လုပ်ငန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော် ကောင်စီနယ်မြေအတွင်း ငါးနှစ်တာကာလအတွင်း နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှုပြောင်းလဲတိုးတက်လာမှုနှင့် ငါးနှစ်တာကာလအတွင်း ရေတင်၊ ရေသွင်းစိုက်ပျိုးမှုများ ပြောင်းလဲတိုးတက်လာမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်ပြီး စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှိရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ယူချိန်နောက်ပိုင်းတွင် အဓိကအားဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ဦးတည် ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေး၌ စားရေရိက္ခာ ဖူလုံခြင်းအပြင် တရားဥပဒေစိုးမိုးခြင်း၊ အသိပညာ အတတ်ပညာ ပေါကြွယ်ဝခြင်းတို့လည်း ပါဝင်ကြောင်း၊ အဆိုပါအချက်များကို ပေါင်းစပ်ဆောင်ရွက်မှသာ တိုင်းပြည်သာယာဝပြောခြင်း အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ မြို့ပေါ်တွင်နေထိုင်သူများမှအချို့မှာလည်း ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံစီးပွားမှာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လူတစ်ဦးအနေဖြင့် စားသောက်နေထိုင်ရေးအတွက် အရေးကြီးလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက်၍ အခက်အခဲမဖြစ်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေများစွာရှိပြီး လယ်ဧက စုစုပေါင်း ၁၃ သန်း၊ ယာမြေဧက ငါးသိန်းကိုးသောင်းကျော်နှင့် တောင်ယာဧက သုံးသိန်းကျော် ရှိကြောင်း၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်နှင့် အခြား စိုက်ပျိုးမြေ ၁၄ သန်းရှိကြောင်း၊ အခြားမြေများတွင် စိုက်ပျိုးထားမှုမှာလည်း ခြောက်သိန်းလေးသောင်းကျော်ရှိကြောင်း၊ စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်မှုမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှု နည်းပါးနေသေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရေသည် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော်တွင် မိုးရွာရက်များနည်းပါးလာမှုကြောင့် ဆည်များသို့ ရေဝင်ရောက်မှုနည်းပါးလာကြောင်း၊ အလားတူ ရေသုံးစွဲမှုများကိုလည်း စနစ်တကျ အသုံးမချဘဲ အဟောသိကံသုံးစွဲမှုများကြောင့် ရေများလျော့နည်းလာသည်ကိုတွေ့ရကြောင်း၊ အထူးသဖြင့် နွေရာသီတွင် ရေလုံလောက်စွာရရှိရေးအတွက် အမြဲမပြတ် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမှ ရရှိသည့် မြစ်ချောင်းရေ၊ မိုးရေနှင့် ဆည်ရေစသည့် သုံးမျိုးရှိကြောင်း၊ ရေကို အသုံးချရာတွင်လည်း လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲရန်လိုကြောင်း၊ ရေအသုံးချမှုနှင့်ပတ်သက်၍လည်း ရုပ်မြင်သံကြားအစီအစဉ်များနှင့် အခြားနည်းလမ်းများဖြင့် ပြည်သူများ အသိရှိစေရေး ဖော်ပြရန်လိုကြောင်း၊ ရေအသုံးချမှုနှင့် ပတ်သက်၍ အစက်ချစနစ်၊ ရေပိုက်ဖြင့် သွယ်တန်းအသုံးပြုခြင်းစနစ်ဖြင့် အသုံးပြုမည်ဆိုပါက ရေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး သင်တန်းကျောင်းများတွင် ရေသုံးစွဲမှု ဘာသာရပ်များကို သင်ကြားပို့ချရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

**ရေလိုအပ်ချက်ရှိ**

ရေရရှိရေး ဆောင်ရွက်ရာတွင် ခြောက်သွေ့သည့် နွေရာသီအချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေလိုအပ်ချက်ရှိကြောင်း၊ အဆိုပါလိုအပ်သည့် ရေများရရှိရေးအတွက် မြစ်ချောင်းများမှ ရယူခြင်း၊ ဆည်ရေများမှ ရယူခြင်းနှင့် မြေအောက်ရေမှ ရယူအသုံးပြုခြင်းများရှိကြောင်း၊ ရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နွေရာသီကာလဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုများကို များစွာလျှော့ချနိုင်သဖြင့် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို တာဝန်ပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆိုလာစက်ရုံများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

နေရောင်ခြည် စွမ်းအင်သုံး ရေတင်လုပ်ငန်းများကို အသုံးချပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အကျိုးအမြတ်များဖြင့် ဆိုလာစနစ် အသုံးပြုခြင်းအတွက် ကုန်ကျမှုများကို ပြန်လည်ရရှိလာစေမည်ဖြစ်ကြောင်း၊ ရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချောင်းများနှင့် ရေမြောင်းများကို ယာယီရေထိန်းဆည်များဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ချောင်းများ၏ ဘေးဘက်များတွင် ရေဝေရေလဲဖြစ်စေမည့် သစ်ပင်များ စိုက်ပျိုးရန်လိုကြောင်း၊ တောမီးများရှို့ခြင်း၊ တောမီးလောင်ခြင်းနှင့် လယ်ယာများအတွင်း မီးရှို့ခြင်း၊ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းများကြောင့် လေထုညစ်ညမ်းမှုများကို ဖြစ်စေပြီး ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေသြဇာများ ရရှိရေးအတွက် လယ်ယာထွက် စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းထက် အခြားနည်းလမ်းများကို ရှာဖွေ

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပတ်ဝန်းကျင်ကို ဖန်တီးရန်လိုကြောင်း၊ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစေရေး ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးရရှိမှုမရှိသည့် ဒေသများတွင် ထင်းမီးများဖြင့် ချက်ပြုတ်ခြင်းကို ဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ သစ်တောပြုန်းတီးမှုမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ရှစ်ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း၊ ထို့ကြောင့် ရေခန်းခြောက်မှု မရှိစေရန်အတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းထားရန်လိုကြောင်း။

**စနစ်တကျ ထိန်းသိမ်း**

မြေအောက်ရေ သုံးစွဲမှုနှင့် ပတ်သက်၍လည်း ရေဝေရေလဲ သစ်တောသစ်ပင်များ စိုက်ပျိုး၍ ရေကိုစနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲရန်လိုကြောင်း၊ မိုးရွာသွန်းသည့်အချိန်တွင် ရရှိသည့်ရေများကိုလည်း စနစ်တကျ ထိန်းသိမ်းသိုလှောင်ပြီး သုံးစွဲကြရန်လိုကြောင်း၊ ချောင်းခြောက်၊ မြောင်းခြောက်တို့တွင်လည်း ရေကို ထိန်းသိမ်းသိုလှောင်သည့် နည်းဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက မြေအောက်ရေကို ရရှိနိုင်ကြောင်း၊ ရေကိုရရှိရန်အတွက် လူကဖန်တီးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရေကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေနှင့် သောက်သုံးရေများကို လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေလုံလောက်စွာ ရရှိမည်ဆိုပါက သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တောင်သူများအနေဖြင့် ဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းသည် ပိုမိုအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သီးနှံများ ပိုမိုထွက်ရှိလာမည်ဆိုပါက တောင်သူများ ဝင်ငွေတိုးတက်လာမည် ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် စားရေရိက္ခာသည်လည်း တိုးတက်လာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံဝင်ငွေ တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သီးထပ်စွမ်းအားများ ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**နေကြာစိုက်ပျိုးမှု တိုးတက်ရေး**

မိမိတို့နိုင်ငံတွင် စားသုံးဆီဖူလုံမှုမရှိခြင်းကြောင့် ပြည်ပမှ နှစ်စဉ် တင်သွင်းနေရကြောင်း၊ နိုင်ငံအတွင်း၌ ဆီထွက်သီးနှံများ စိုက်ပျိုးလျက် ရှိသော်လည်း ပြည်တွင်း ဆီဖူလုံမှုမရှိကြောင်း၊ ထို့ကြောင့် ဆီဖူလုံမှုရှိစေရန်အတွက် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပိုမိုတိုးတက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စနစ်တကျစိုက်ပျိုးမည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီလာမည်ဖြစ်ပြီး ဆီဖူလုံမှုများ ရှိလာမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် နေကြာဆီစားသုံးမှု နည်းပါးကြောင်း၊ နေကြာကို ပြည်တွင်း၌ အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး အထွက်နှုန်း ကောင်းမွန်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးမှု တိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို တာဝန်ပေးဆောင်ရွက်ထားကြောင်း၊ တပ်ကုန်းဒေသတွင် နေကြာစိုက်ပျိုးမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည် ဆိုပါက နေပြည်တော်သည် ဆီအိုးကြီးတစ်ခု ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ရေရှိရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**သဘာဝမြေသြဇာများ ထုတ်လုပ်**

စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မျိုးကောင်းရန်၊ မြေသြဇာလုံလောက်စွာ ရရှိရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန် လိုကြောင်း၊ အဆိုပါ လေးချက်ကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီလာမည်ဖြစ်ကြောင်း၊ ရေနှင့် မြေကို အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက တပ်ကုန်းဒေသအတွက် များစွာ အကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံရှိ ဓာတ်မြေသြဇာစက်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှ ဓာတ်မြေသြဇာ တင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် သဘာဝမြေသြဇာများ ထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူခြင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးချရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒွန်တွဲသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ အသားထုတ်လုပ်ခြင်းနှင့် နို့ထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တပ်ကုန်းမြို့နယ်တွင်း မွေးမြူရေးဇုန်ရှိပြီး ဖြစ်သဖြင့် မွေးမြူရေးကို စံပြအဖြစ် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ မိမိတို့ဒေသအတွက် ဂုဏ်ယူကြစေလိုကြောင်း။

**မြေကိုတန်ဖိုးထား**

မြေနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းလမ်းများဖြင့် အသုံးပြုနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေး ဆင်ခြင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် မြေပိုင်ဆိုင်သည့် တောင်သူများအနေဖြင့် မိမိတို့မြေကို တန်ဖိုးထားဆောင်ရွက်ကြစေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း မြေယာဥပဒေဖြင့် စနစ်တကျ ကိုင်တွယ်ကြပ်မတ်ရန် လိုကြောင်း၊ တပ်ကုန်းဒေသရှိ စိုက်ပျိုးမွေးမြူရေးတောင်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ခြင်းသည် အစိုးရအတွက် မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းပင် ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နည်းစနစ်တကျ ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးကအသိရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စိုက်ပျိုးရေးတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် ရှားတော ဆိုလာစနစ်ရေတင် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဆိုလာရေတင်စနစ်သည် စိုက်ပျိုးရေလိုအပ်သည့် ဒေသများတွက် များစွာအကျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် ဆိုလာရေတင်စနစ်ကို တောင်သူများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငွေးပင်(စံပြ)ကျေးရွာ စနစ်တကျ လယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကေကွက်များကို ဖော်ထုတ် ဆောင်ရွက်ရန်လိုကြောင်း၊ ကေကွက်များဖြင့် စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်များ ပိုမိုဝင်ဆံ့နိုင်သကဲ့သို့ သီးထပ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ခေတ်မီ စက်ကိရိယာများဖြင့် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို လွယ်ကူလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အဓိကအမာခံသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ပြောင်း၊ နေကြာ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် တိုးတက်အောင် ဆောင်ရွက် နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ထွက်ရှိလာသည့် စိုက်ပျိုးရေး ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြု စေမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ငွေးပင်(စံပြ)ကျေးရွာ စနစ်တကျ လယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# လုပ်ကြံအကျပ်ကိုင်မှုများကို စုစည်းညီညွတ်သောစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်

## သာတူညီမျှ အေးအတူပူအမျှစိတ်ဓာတ်ကို အခြေခံသော ပေါင်းစည်းသောစွမ်းအားသည် မည်သည့်အန္တရာယ်ကိုမဆို ရင်ဆိုင်ဖြတ်ကျော်နိုင်

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဒေသထွက်စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။

တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### ခေတ္တာထိန်းသိမ်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်သည် အဖွဲ့စနစ်မှစတင်၍ အစုအဖွဲ့အလိုက် ဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်ရသော အမျိုးသားရေးအင်အားစုကြီးဖြစ်၍ စည်းလုံးညီညွတ်မှုသည် အလွန်ပင်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပေးအပ်သောတာဝန်များအရ ကြီးလေးသောနိုင်ငံတော်တာဝန်များကို ခေတ္တာထိန်းသိမ်းတာဝန်ယူထားသည့် ကာလဖြစ်၍ နိုင်ငံ့အရေးအတွက် အားလုံး ပိုမိုကြိုးပမ်း လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီး ၇၅ နှစ်ကျော်ကာလအတွင်း တွေ့ကြုံခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ချိန်တိုင်းတွင်လည်း တပ်မတော်သည် နိုင်ငံအတွက် မားမားမတ်မတ် ရပ်တည်ခဲ့ကြောင်း။

### ကာကွယ်နိုင်ခဲ့

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုတို့ကြောင့် တစ်ပြည်တည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း သွေးချင်းများဖြစ်သော်လည်း တိုင်းရင်းသားရေး၊ အယူဝါဒရေး၊ ဘာသာရေး စသည်ဖြင့် အယူဝါဒအမျိုးမျိုး ကွဲပြားမှုများဖြစ်ပေါ်ခဲ့ရပြီး သွေးရင်းညီအစ်ကိုအချင်းချင်း သံသယများရှိလျက် စည်းလုံးညီညွတ်မှုပျက်ပြားရာမှ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော်လည်း စုစည်းညီညွတ်မှုခိုင်မာအားကောင်းသော၊ စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားသော၊ မျိုးချစ်စိတ်အရင်းခံ၍ မိမိဆန္ဒအလျောက် တာဝန်ထမ်းဆောင်ကြသူများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်မှပင် အဆိုပါ လက်နက်ကိုင်ပဋိပက္ခများ၊ ခွဲထွက်မည့်အန္တရာယ်များနှင့် လွတ်မြောက်နယ်မြေ ကြံစည်ခြင်းများအပြင် ရန်ကုန်အစိုးရဟုပင် ခေါ်ဆိုခံရသည့်အခြေအနေမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ မိမိတို့ တပ်မတော်ရှိနေ၍လည်း တပ်မတော်အား နိုင်ငံရေးဇာတ်ခုံမှ အပြီးတိုင်ဖယ်ရှားရန် အစဉ်အဆက် ကြိုးပမ်းမှုများခံခဲ့ရကြောင်း၊ ယနေ့အချိန်အခါတွင် ပို၍ပင် တပ်မတော်ပြိုကွဲရေးအား ကြိုးပမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ စစ်ရေးအရ ထိုးနှက်မှုများဆောင်ရွက်လာခဲ့ပြီး တပ်မတော်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်မှုများတွင်လည်း နိုင်ငံတကာ၏ အထင်လွဲမှားမှုနှင့် ဖိအားပေးမှုများ ဖြစ်ပေါ်စေရန် အကြမ်းဖက်အဖွဲ့များဖြင့် ကျေးရွာများကို မီးရှို့မှုအား တပ်မတော်မှ မီးရှို့သောအသွင်ဖြင့် လုပ်ဆောင်ကာ အကြမ်းဖက်အဖွဲ့များ၏ အုပ်စုလိုက် ရက်ရက်စက်စက် ဒလန်သတင်းပေးသတ်မှတ်၍ သတ်ဖြတ်မှုအပေါ်တွင်လည်း တပ်မတော်မှ သတ်ဖြတ်မှုအဖြစ် စွပ်စွဲ၍ တရားခံဖြစ်စေရေး စသည်ဖြင့် လူမှုကွန်ရက်များတွင် ဝါဒဖြန့်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အဆိုပါ လုပ်ကြံအကျပ်ကိုင်မှုများကို စုစည်းညီညွတ်သော စွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တပ်တွင်းစည်းလုံးညီညွတ်မှုကို ရေပက်မဝင်သည့် စည်းလုံးမှုအဖြစ် ခိုင်မာကျစ်လျစ်အောင် ဆောင်ရွက်နေရန် လိုကြောင်း၊ သာတူညီမျှ အေးအတူပူအမျှစိတ်ဓာတ်ကို အခြေခံသော ပေါင်းစည်းသော စွမ်းအားသည် မည်သည့် အန္တရာယ်ကိုမဆို ရင်ဆိုင်ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း။

လေ့ကျင့်ရေးနှင့် ပတ်သက်၍ သတ်မှတ် ညွှန်ကြားထားသော လေကျင့်ရေးအချိန်ဇယားများနှင့်အညီ မပြတ်လေကျင့်နေရန်လိုကြောင်း၊ လေ့ကျင့်မှုကောင်းမွန်မှသာ တပ်ဆင်ပေးထားသည့် ခေတ်မီလက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ပြီး ယုံကြည်မှုဖြင့် ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တပ်ဆင်ပေးထားသော လက်နက်ကိရိယာများ၏ စွမ်းပကားကို သိရှိပြီး မှန်ကန်စွာဖြင့် ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း။

လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် မိသားစုအရေးအရာ ကိစ္စများအတွက် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်မှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ကိုယ်စိတ်ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များ၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များအဖြစ် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီ

**စာမျက်နှာ ၆ သို့** ✪

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းနှင့် တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဗထူးတပ်နယ်ရှိ တပ်မတော်ဆေးရုံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းနှင့် တပ်နယ်အတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## လိုက်လံကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည်အဖွဲ့ဝင်များလိုက်ပါ၍ ဗထူးမြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ယင်းနောက် တပ်မတော် (ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိသုံးထပ်စာသင်ဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)နှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများက သင်တန်းကျောင်းများအလိုက် လေ့ကျင့်သင်ကြားပို့ချမှုဆိုင်ရာကိစ္စရပ်များနှင့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး (၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များမေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## စိုက်ပျိုးမွေးမြူရေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်၍ တိရစ္ဆာန် မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန် စုစုပေါင်း ၅၅ ဧက တည်ဆောက်ထားရှိမှု အခြေအနေ၊ ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုများ၊ Green House အတွင်း စိုက်ပျိုးထားရှိမှုများနှင့် ကျောက်စိမ်းတစ်သျှူးငှက်ပျော (သီးမွှေး) စိုက်ပျိုးထားရှိမှုများ၊ DYL မျိုးမြင့်သားပေါက်ဝက်များနှင့် မြေစိုက်ရေခံ အဆောက်အအုံနှင့် လေလုံအအေးပေး အဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားနှင့် အသားတိုးနွားများ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင် ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်

**စာမျက်နှာ ၇ သို့✪**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းမှ စိုက်ပျိုးထွက်ရှိသည့် အသီးအရွက်များအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဗထူးမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

**✪ စာမျက်နှာ ၅ မှ**

အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းလိုက်နာရန် လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်ရေးအတွက် စာဖတ်ခြင်းသည် အကောင်းဆုံးအထောက်အကူပြုမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ကလေးစာပေမှစ၍ စစ်ပညာဆိုင်ရာ၊ သိပ္ပံပညာဆိုင်ရာနှင့် အထွေထွေဗဟုသုတဆိုင်ရာများ အပြင် သုတရသစုံလင်စွာဖြင့် နေ့စဉ်သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို တပ်များသို့အရောက် ထုတ်ဝေ ဖြန့်ချိပေးလျက်ရှိကြောင်း၊ ပုံမှန်ဖတ်ရှုလေ့လာနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ အလားတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

## ပေးအပ်

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က စားသောက် ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

❂ စာမျက်နှာ ၆ မှ

ထုတ်ကုန်အသား၊ ငါး၊ အသီး အရွက်များအား တပ်ရင်း/တပ်ဖွဲ့ များရှိ အရာရှိ၊ စစ်သည်၊ မိသားစု များ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်း စံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ မရပ်မနား ကြိုးပမ်းဆောင်ရွက်သွားရန်၊ သုတေသနပြုလုပ်ထားသည့် မျိုးစေ့များနှင့် ဝက်မျိုးသန့် မျိုးကောင်းများကို တပ်မတော်တစ်ရက်လုံးဖြန့်ဝေနိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် ဘရာမင် အသားတိုးနွားမျိုးချောင်း သုတေသနလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)၌ နွေစပါး ရှစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### အပိုဝင်ငွေ ရရှိနိုင်

ယင်းနောက် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန့်ညှင်းနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များက မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြင်ပပေါက်ဈေးထက် ငွေကျပ် ၂၀၀၀ ခန့် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ ရောင်းချသည့်မျိုးစေ့မှ မိသားစုများ အကျိုးအမြတ်များစွာ ရရှိစေခြင်း၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့အားလုံးသို့ မျိုးကောင်းမျိုးသန့် မျိုးစေ့များဖြန့်ဝေနိုင်ရေး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တာဝန်ပေးထားသည့် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ရေးတပ်နှင့် ညှိနှိုင်း၍ အမြန်ဆုံးဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်း၊ အဆိုပါဇုန်အတွင်း စိုက်ပျိုးထားရှိသည့် ခရမ်းမျိုးစိတ်မှာ ဒေသမျိုးရင်းဖြစ်ပြီး ပျိုးသက်အနေဖြင့် ရက်ပေါင်း ၃၀ မှ ၄၀ ခန့် ကြာမြင့်ကာ စိုက်ပျိုးပြီး သုံးလအတွင်း စတင်အသီးသီးကြောင်း၊ ခရမ်းပင်သီးနှုန်းမှာ တစ်ပင်လျှင် ပျမ်းမျှ ၁၅ လုံးမှ အလုံး၂၀ (ငါးပိဿာခန့်) ရှိပြီး ခရမ်းသီး တစ်ပိဿာလျှင် ပြင်ပပေါက်ဈေး ငွေကျပ် ၁၀၀၀



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်း၌ ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှိကြောင်း၊ အလားတူ ငရုတ်မျိုးထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ ရှိပြီး မျိုးစေ့ ၁၀၀၀ ခန့် ပါဝင်ကာ ငွေကျပ် ၅၀၀ ကုန်ကျခံပါက စစ်သည် ခြောက်ခန်းတွဲ လိုင်းတစ်လိုင်းအတွက် လုံလောက်ဖူလုံသည့်အပြင် ပိုလျှံငရုတ်သီးများကို ရောင်းချနိုင်သဖြင့် အပိုဝင်ငွေ ရရှိနိုင်ကြောင်း၊ ငရုတ်တစ်ပင်မှ ငရုတ်သီးခန့်မှန်း ၁၀ ကျပ်သားခန့်ထွက်ရှိပြီး ငရုတ်မျိုးစေ့ တစ်ထုတ်လျှင် ခန့်မှန်း ပိဿာ ၇၀ ခန့်ရရှိမည်ဖြစ်ရာ ငရုတ်သီးအစိုတစ်ပိဿာလျှင်ငွေကျပ် ၇၀၀၀ ခန့် ရရှိနိုင်သဖြင့် အမှန်တကယ်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ပါက ကုန်ကျစရိတ်နုတ်ပြီး ငွေကျပ် ၄၀၀၀၀၀ ကျော်ခန့် အမြတ်ရ၍ဗထူး တပ်နယ်မိသားစုများမှ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေများ ရရှိနေကြကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်း၌ သုတေသနပြုလုပ်ထားသည့် မျိုးစေ့များ ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့ သွားရောက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အကူအညီဖြင့် ရေကျော်တမံအသေးတည်ဆောက်လျက် လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေများတွင် အာလူး တစ်ဧကနှင့် နွေစပါး ရှစ်ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာစနစ် စိုက်ပျိုး/မွေးမြူရေးခြံသို့ သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီးသင်တန်းရှိ ရာသီသီးနှံစိုက်ခင်းများ၊ နို့စားနွားနှင့် ဝက်မွေးမြူရေးခြံများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီး အရွက်များအား တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ မရပ်မနား ကြိုးပမ်းဆောင်ရွက်သွားရန်၊ သုတေသနပြုလုပ်ထားသည့် မျိုးစေ့များနှင့် ဝက်မျိုးသန့် မျိုးကောင်းများကို တပ်မတော်တစ်ရက်လုံး ဖြန့်ဝေနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ရန်နှင့် ဘရာမင် အသားတိုးနွားမျိုးချောင်း သုတေသနလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လို**

☆ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကို မတရားအနိုင်ရယူရန် မဲမသမာမှုပြုခဲ့မှု၊ မဲမသမာမှုအပေါ် UEC အပါအဝင် တာဝန်ရှိသူများကို ဖြေရှင်းပေးရန် တောင်းဆိုသော်လည်း လျစ်လျူရှုခဲ့မှု၊ အခြားသောပါတီများက ကျေနပ်မှုမရှိ၍ တပ်မတော်အပေါ် ဖြေရှင်းပေးရန် တောင်းဆိုခဲ့မှု၊ မဲမသမာမှုကို ဖြေရှင်းရန် မကြိုးစားဘဲ လွှတ်တော်ခေါ်ယူ၍ အဓမ္မအာဏာရယူရန် ကြိုးစားခဲ့မှု၊ တပ်မတော်က ဒီမိုကရေစီစနစ် ယိုင်လဲမှုမရှိစေရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ အချုပ်အခြာအာဏာ ထိန်းသိမ်းခဲ့မှုတို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

**လေ့လာသင်ကြား**

ဆက်လက်ပြောကြားရာတွင် တပ်မတော်ရှိ တပ်ရင်းတပ်ဖွဲ့များတွင်လိုအပ်သော အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာများတွင် ပညာရှင်အဖြစ် အသုံးချနိုင်ရန်ဖြစ်၍ မိမိသင်ကြားထားသည့် ဘာသာရပ်များကို Professional ကျကျ တတ်မြောက်သည်အထိ လေ့လာသင်ကြားကြရန်လိုကြောင်း၊ မိမိတတ်မြောက်ထားသည့် ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင်လည်း ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း။

မိမိ တာဝန်ထမ်းဆောင်ရာ နယ်မြေဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်ဂျင်နီယာဆိုင်ရာကိစ္စရပ်များ၊ အင်ဂျင်နီယာနှင့်ပတ်သက်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များတွင်လည်း လိုအပ်လာပါက အပြည့်အဝ ကူညီပေးနိုင်ရန် လိုကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များအရ ပညာရပ်ဆိုင်ရာများ သင်ကြားပေးခြင်း ဖြစ်သော်လည်း သစ္စာခံဌာန် လေးချက် ရွတ်ဆို၍ တပ်မတော်ယူနီဖောင်းဝတ်ထားသူများဖြစ်သဖြင့် တပ်မတော်၏ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို တိကျစွာလိုက်နာရန် လိုကြောင်း၊ စည်းကမ်းကောင်းသော တပ်မတော်အမိန့်နာခံမှုကောင်းသော တပ်မတော်ဖြစ်၍ တပ်မတော် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ နိုင်ငံတော်အပေါ် ကျရောက်လာသော ဘေးအန္တရာယ် အမျိုးမျိုးကို မားမားမတ်မတ်ဖြင့် ရပ်တည်ကာ ကာကွယ် ပေးနိုင်ခဲ့ကြောင်း၊ စည်းကမ်း၏ အခြေခံအချက်သည် လုပ်ဆောင်ရန် ရှိသည်ကို လုပ်ဆောင်ခြင်းဖြစ်ပြီး မလုပ်ဆောင်ရန် တားမြစ်ထားသည်ကို မလုပ်ဆောင်ရန်ပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး၊ လောင်းကစားကဲ့သို့ တားမြစ်ထားမှုများကို ကိုယ်တိုင်နှင့် မိသားစုများအပါအဝင် ကင်းရှင်းစွာနေထိုင်ရန် လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်း မိမိ၏ကျောင်း ဂုဏ်သိက္ခာ၊ တပ်မတော် ဂုဏ်သိက္ခာကို စောင့်ထိန်းနိုင်ရန် ဥပဒေမဲ့လုပ်ရပ်များ မလုပ်မိစေရန်လိုကြောင်း။

**အာဟာရမျှတစွာ နေထိုင်စားသောက်တတ်ရန်လို**

ကျန်းမာရေးနှင့် ပတ်သက်၍ ရက်အလိုက်သတ်မှတ်ထားသော ကိုယ်လက်ကြံ့ခိုင်ရေး လုပ်ငန်းစဉ်များကို မပျက်မကွက် လုပ်ဆောင်ရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အာဟာရမျှတစွာနေထိုင်စားသောက်တတ်ရန် လိုအပ်သကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေသော ကွမ်း၊ ဆေးလိပ်၊ အရက်သေစာ သောက်စားမှုများနှင့် အပျော်အပါး လိုက်စားမှုများ၊ မူးယစ်ဆေးဝါး ကိစ္စရပ်များကိုလည်း ရှောင်ကြဉ်ရန်လိုကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်ကို ၎င်းတို့ဩဇာခံအဖြစ် ၎င်းတို့အလိုကျနည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်ဝေဖန်လျက်ရှိကြောင်း၊ ရုပ်သေးအစိုးရ ဖြစ်ပေါ်လာစေရေး အကြမ်းဖက်မှုကိုအားပေးသော အဖွဲ့အစည်းကြီးအချို့၊ အကြမ်းဖက်မှုဟု အထောက်အထား ခိုင်လုံစွာရရှိသော်လည်း အဆိုပါအကြမ်းဖက်အဖွဲ့အစည်းအပေါ် ကွယ်ရာတစ်မျိုး၊ နိုင်ငံတကာ မျက်နှာစာတွင် တစ်မျိုး ပေါ်ပေါ်တင်တင် ဖြောင်ကျကျ အားပေးအားမြှောက် ပြုနေသူများကို နိုင်ငံကြီးအချို့က အားပေးအားမြှောက် ပြုနေကြောင်း၊ ၎င်းနိုင်ငံကြီးအချို့၏ ထောက်ပံ့မှုကို ရယူလျက် အချို့သော နိုင်ငံဖျက်မိုးလုံးမှိုင်း မုသာဝါဒီ မီဒီယာများကလည်း အလိမ်အညာ ဝါဒဖြန့်မှုများ ပြုလုပ်နေ၍ မိမိ၏မိသားစုများ နားယောင်မှုမရှိစေရေး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရန် စာကောင်းပေမွန်များဖတ်ရှုခြင်းနှင့် သတင်းမှန်များ သိရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ကြရန်လိုကြောင်း။

စစ်စည်းကမ်း ချိုးဖောက်မှုအချို့တွင် ငွေကြေးဆိုင်ရာကိစ္စရပ်များတွေ့ရကြောင်း၊ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့် ကျင့်ဝတ်အပါး ၂၀ တွင် "ကိုယ့်ဝင်ငွေနှင့် ထွက်ငွေ ညီပါစေ"ဟု ပါဝင်သဖြင့် မိမိ၏ ဝင်ငွေနှင့် ထွက်ငွေမျှတစွာသုံးစွဲတတ်ရန်လိုပြီး လောင်းကစားကိစ္စများတွင် မပတ်သက်မိအောင် နေထိုင်ကျင့်ကြံကြရန် လိုကြောင်း၊ ငွေကြေးကိစ္စ၊ လောင်းကစားကိစ္စနှင့် အပျော်အပါးကိစ္စများမှတစ်ဆင့် တပ်မတော်၏ လုံလေးလုံကိုလည်း အနည်းနှင့် အများဆိုသလို ထိခိုက်စေမှုကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း။

ခေတ်မီတပ်မတော် တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်အရေးပါလာကြောင်း၊ မိမိတတ်သိထားသည်နှင့် ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုတတ်ကျွမ်းအောင် စဉ်ဆက်မပြတ် ကြိုးပမ်းသွားကြရန်လိုကြောင်း ပြောကြားသည်။

**ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နည်းပြများနှင့် သင်တန်းသားများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်တော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းသားများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်စဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်စဉ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲ ကျင်းပ

**နေပြည်တော် မေ ၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန်အကြို ဝန်ထမ်းမိသားစု စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို ယမန်နေ့ နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၊ ရုံးအမှတ် (၂)နှင့် ရုံးအမှတ် (၂၉) တို့တွင် ကျင်းပသည်။





အခမ်းအနားများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာနအတွင်းရှိဌာနများမှ ဝန်ထမ်းအမျိုးသမီးငယ်များ၏ သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ တက်ရောက်လာသည့်ဝန်ထမ်းများနှင့် စတုဒိသာများကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေကြသူများအားလုံးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ သင်္ကြန်ရေပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမိသားစုများ၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**နေပြည်တော် မေ ၈**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများရှိ ဝန်ထမ်းမိသားစုများ၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)တွင် ဝန်ထမ်းများ၏ သီဆိုဖျော်ဖြေမှုများကို လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ နေပြည်တော်တွင် ဝန်ထမ်းများ ပျော်ရွှင်စွာ ရေကစား၍ စုပေါင်းသီဆိုဖျော်ဖြေနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးကာ ဝန်ထမ်းများအား ဆုချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၄၇)သို့ သွားရောက်ကာ ဌာနခွဲမိသားစုများ၏ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဌာနခွဲအသီးသီး၏ စတုဒိသာမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များကိုလှည့်လည်ကြည့်ရှုအားပေးကာ သီဆိုဖျော်ဖြေသူ ဝန်ထမ်းများအား ဆုချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (ရုံးချုပ်)၏ မိသားစုသင်္ကြန်မဏ္ဍပ်၌ ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာရေကစားနေမှုကို လည်းကောင်း၊ ကုသရေးဦးစီးဌာန(ရုံးချုပ်)၌ ဌာနခွဲအသီးသီးမှ ဝန်ထမ်းများက ရိုးရာလေ့များဖြင့် ပျော်ရွှင်စွာရေကစားနေမှုကို လည်းကောင်း၊ ယိမ်းအကအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုနှင့် ယှဉ်ပြိုင်မှုကိုလည်းကောင်း အားပေးကြည့်ရှု၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားများသို့ သက်ဆိုင်ရာဦးစီးဌာနများအလိုက် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ရန်ကုန်မြို့တော်ဝန် ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ သွားရောက်၍ ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်အတွက် ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များဖြစ်ကြသည့် နွေဦးကဗျာ၊ နှစ်သစ်ချစ်ဦး၊ ပိတောက်လက်ဆောင်၊ ပိတောက်ရိပ်၊ သင်္ကြန်မိုး၊ နွေအလှ၊ တူးပို့ တူးပို့၊ ပိတောက်မျက်နှာ၊ နှစ်သစ်မင်္ဂလာ၊ ပန်းမျိုးတစ်ရာ မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်၊ ဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှုနှင့် ရေကစားရန် ရေပိုက်လိုင်းများ သွယ်တန်းထားမှု၊ Springler များ၊ Springler Gunများနှင့် ရေမှုန်ရေမွှားလျှောက်လမ်းများ တပ်ဆင်ထားရှိမှု၊ ရောင်စုံထီးများ အလှတပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်အနီး မဟာဝိဇယစေတီတော်အတွင်း ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးစီး စည်ပင်သာယာဝန်ထမ်းများပူးပေါင်း အင်အားဖြင့် မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများခုတ်၍ အလင်းဖွင့်ခြင်း၊ အမှိုက်နှင့် သစ်ရွက်ခြောက်ကြွေများ လှဲကျင်းသိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ်နှင့် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းတစ်လျှောက် ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာခင်းကျင်း၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နှင့် ဧည့်ခံရေးမဏ္ဍပ်များ တည်ဆောက်နေမှုနှင့် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံလမ်း၌ လမ်းလျှောက်သင်္ကြန် ရေကစားမဏ္ဍပ်များ တည်ဆောက်ပြီးစီးမှုနှင့် Springler များ၊ Springler Gun များနှင့် ရေမှုန်ရေမွှား လျှောက်လမ်းများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဏ္ဍပ်များကြံ့ခိုင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် နံနက် ၁၁ နာရီခွဲတွင် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၁)၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော်အတွင်း မြို့တော်သူ မြို့တော်သားများပျော်ရွှင်ချမ်းမြေ့စေရန် ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ ဖျော်ဖြေရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖိတ်ကြားရေးနှင့် ဖျော်ဖြေတင်ဆက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာတိုးအောင်က နေ့အလိုက် ဖျော်ဖြေရေးအတွက် လျာထားသည့်အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးတို့မှ တာဝန်ရှိသူများက အစည်းအရုံးအလိုက် တာဝန်ခွဲဝေယူဆောင်ရွက်မည့် ကဏ္ဍအသီးသီးကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ အပြန်အလှန်ဆွေးနွေးမှုများအပေါ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး “ရန်ကုန်မြို့တော်သူ မြို့တော်သားများ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ရွှင်ချမ်းမြေ့စေရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ ဖျော်ဖြေတင်ဆက်မှုများ အဆင်ပြေချောမွေ့စေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန်” မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာလက်မှုအနုပညာစင်တာ(ရန်ကုန်)၌ ကျင်းပသည့် မြန်မာ့နှစ်သစ်ကူးသင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော်ကို ကြည့်ရှုအားပေး

**ရန်ကုန် မေ ၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားလမ်းရှိ မြန်မာ့လက်မှုအနုပညာ စင်တာ (ရန်ကုန်)၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော်ကို ကြည့်ရှုအားပေးသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော် ၂၀၂၃ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Counsellor ဖြစ်သူ Mr. R.C.Yadav၊ Centre for Investment and Trade မှ CEO ဖြစ်သူ Dr.Sital Kumar၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ် Mr. Tan Shufu၊ တရုတ်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ Mr. Li Fuquan၊ ဂျာမန်မြန်မာစီးပွားရေး ကုန်သည်ကြီးများအသင်း(GMBC)မှ ဦးရဲထွဋ်၊ အိန္ဒိယမြန်မာ ကုန်သည်များ အသင်းမှဥက္ကဋ္ဌ Mr. Naresh Kumar Dinodiya၊ မြန်မာနိုင်ငံဆိုင်ရာနီပေါသံရုံးမှ တတိယအတွင်းရေးမှူး Mr. Prashant Thakur၊ Mingalar Alliance Co.,Ltd.မှ CEO ဖြစ်သူ Ms. Jar-chaya Sanguansat၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်နာယက ဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ မြန်မာအနုညာတစီရင် ဆုံးဖြတ်ခြင်း ဗဟိုဌာနဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်း၊ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြပဟန်၊ မြန်မာနိုင်ငံဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း၊ ချင်းတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် အခြားသောလုပ်ငန်းရှင်များ၊ ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော ရိုးရာနှစ်သစ်ကူး သင်္ကြန်အကြိုဈေးရောင်းပွဲတော်တွင် နိုင်ငံခြား သံတမန်များ၊ မိတ်ဖက်စီးပွားရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ပျော်ရွှင်ဖွယ်နေ့တစ်နေ့ဖြစ်ပါစေကြောင်း၊ သင်္ကြန်ပွဲတော်ကာလ နေပြည်တော်တွင်အဆင့်မြင့်လမ်းလျှောက်သင်္ကြန်ကို ကျင်းပသွားမည်ဖြစ်ရာ ဖိတ်ခေါ်လိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ပေးပွဲကြီးကိုလည်း မေလပထမအပတ်တွင် နေပြည်တော်၌ ခမ်းနားစွာ ကျင်းပသွားရန်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန်လုပ်ငန်းရှင် ၄၇ ဦးနှင့် ပူးပေါင်း၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့နိုင်မှုသည် နိုင်ငံတော်နှင့် ကုန်သည်/ စက်မှုအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို တွေ့မြင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာ့နှစ်သစ်ကူးအခါသမယမှစ၍ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြပဟန်နှင့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဒေဝတို့က နှုတ်ခွန်းဆက်စကားနှင့် ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်နာယကဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်း ဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်း၊ ကုန်သည်/ စက်မှုအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြပဟန်နှင့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဒေဝတို့က "မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အကြိုနှင့်ဈေးရောင်းပွဲတော်၂၀၂၃"ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တက်ရောက်လာသူတို့က ထာဝရသစ္စာ တေးသီချင်းဖြင့် မူကြိုကလေးငယ်များ ဖျော်ဖြေမှုနှင့် မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် ယိမ်းအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ခင်းကျင်းပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သံတမန်ဧည့်သည်တော်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များသည် မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)တွင် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ခင်းကျင်းပြသထားသည့် ဆိုင်ခန်းပေါင်း ၃၀ ကျော်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ညနေပိုင်းတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြို ရိုက်ကူးထုတ်လွှင့်နေသည့် "ပိတောက်နဲ့အတူ" Friday Night Live Show တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုကြမည့် အနုပညာရှင်တို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြို ရိုက်ကူးထုတ်လွှင့်နေသည့် "ပိတောက်နဲ့အတူ" Friday Night Live Show တေးဂီတဖျော်ဖြေပွဲတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ နေအောင်၊ သန်းမြတ်စိုး၊ ရသ၊ ရဲထိုက်၊ စိုးရန်အောင်၊ ကောင်းမိုးယံ၊ ကောင်းဆက်၊ နန်းစန္ဒီ၊ အိအိလှိုင်၊ ထွန်းပပအောင်နှင့် ဖူးဇေရီဆောင်းတို့က သင်္ကြန်သီချင်းများဖြင့် MRTV-HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အစီအစဉ်သည် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်ခြင်းဖြစ်ပြီး ထိုနေ့ညပိုင်းတွင် ရိုက်ကူးတင်ဆက်ခဲ့သော ဖျော်ဖြေမှုများကို ညသတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသခဲ့ကာ မေ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စက်မှုလုပ်ငန်းတည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်



နေပြည်တော် မေ ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံရှိ စက်ပစ္စည်းများတွင် တပ်ဆင်ထားသည့် အလိုအလျောက်ထိန်းချုပ်မှုစနစ်များကို အပြည့်အဝအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကျွမ်းကျင်ပညာရှင်များထံမှ နည်းပညာလွှဲပြောင်းရရှိရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားပါက အလျင်အမြန် တုံ့ပြန်ဖြေရှင်းမည့် အစီအမံများ ရေးဆွဲထားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ရိုးသားစွာဖြင့် အောင်မြင်အောင်ဆောင်ရွက်၍ မိမိတို့၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အား အလုပ်အကျွေးပြုနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်စဉ် တွေ့ကြုံရမည့် အခက်အခဲများကို စုပေါင်းအားဖြင့် အောင်မြင်အောင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံနှင့်သံမဏိထုတ်ယူသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်း ကျေညက်အောင် လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အထက်အောက်ဆက်ဆံရေး ပိုမိုကောင်းမွန်မှုရရှိစေရန်နှင့် ဝန်ထမ်းတစ်ဦးချင်း ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးမှုရှိစေရန်တို့အတွက် စက်ရုံစားရိပ်သာ၌ ဝန်ထမ်းများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ပြင်ဦးလွင်ခရိုင်ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ






နေပြည်တော် မေ ၈

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသရှိခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌဒေါက်တာငွေးအောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ၁၉၄၇ ခုနှစ်မှစတင်၍ ဥပဒေပြဋ္ဌာန်းကာ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သော်လည်း ကာလကြာရှည်သည်နှင့်အမျှ အဂတိလိုက်စားမှုများသည် ပုံစံအမျိုးမျိုးနှင့် ပေါ်ပေါက်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် (Grand Corruption) ခေါ် နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် အကြီးစား အဂတိ လိုက်စားမှုမျိုးသာမက (Petty Corruption)ခေါ် အသေးစား အဂတိ လိုက်စားမှုမျိုးလည်း ဖြစ်ပွားနေကြောင်း၊ အမှန်စင်စစ် (Bribery) ခေါ် လာဘ်ပေးလာဘ်ယူမှုထက် Corruption ခေါ် အဂတိမှာ ပိုမိုကျယ်ပြန့်ပါကြောင်း၊ လာဘ်ပေး လာဘ်ယူရာတွင် ပေးသူယူသူ နှစ်ဦးသာရှိသော်လည်း နှစ်ဦးစလုံးတွင် အပြစ်ရှိပါကြောင်း၊ ထို့ထက် ပိုမိုကျယ်ပြန့်လာသည်မှာ ရာထူးတာဝန်အရ လုပ်ပိုင်ခွင့်ရှိသူအနေဖြင့် ပေးအပ်ထားသော အခွင့်အာဏာကို မိမိကိုယ်ကျိုးစီးပွားအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံး လုပ်နည်းများကို ချိုးဖောက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းတို့သည် အဂတိလိုက်စားမှုကျူးလွန်ခြင်းပင် ဖြစ်ပါကြောင်း။

အဂတိ လိုက်စားမှုကို ကျယ်ကျယ်ပြန့်ပြန့် တိုက်ဖျက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပိုမိုပြည့်စုံစေရန်အတွက် ပြန်လည်ဆန်းစစ်၍ ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ် အသီးသီးပြင်ဆင်ခဲ့ရာ ယခုအခါတွင် ငါးနှစ်ကြာမြင့်ပြီ ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းသုံးသပ်မှု ပြုလုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption -UNCAC) ၏ ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်နှင့်အညီ ယင်း၏ ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့်အညီ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းရန် လုပ်ဆောင်လျက်ရှိကြောင်း။

အသိပညာပေးရေး ကဏ္ဍအနေဖြင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူ လူငယ်များအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာ၊ ဗဟုသုတ ဖြန့်ကြက်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာကိုင် စာအုပ်များအပြင် အဆင့်မြင့်ပညာအတွက် ရည်ညွှန်းစာဆောင်များကို ပြုစုထုတ်ဝေ၍ ပညာရေးဝန်ကြီးဌာန အကူအညီဖြင့် ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များတွင် သင်ခန်းစာများအဖြစ် ထည့်သွင်းပြဋ္ဌာန်း သင်ကြားနိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများကို Fabric စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်း ၁၄ ဖွဲ့ စုစုပေါင်း ၅၁ ဖွဲ့ ဖွဲ့စည်းထားရှိပြီး ခရိုင်နှင့် မြို့နယ် အဆင့်များအထိ ဆက်လက် တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ CPU အဖွဲ့များ၏ လုပ်ငန်းတာဝန်ဖြစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Program-PFP) ကိုလည်း ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အတွက် ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည့်အပြင် ကျောင်းသားကျောင်းသူများအကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ ပြန့်ပွားနိုင်ရန် ပညာပေးသင်ကြားမှု အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းကျင့်ဝတ်များနှင့် ဌာနအလိုက် ချမှတ်ထားသည့် ကျင့်ဝတ်များကိုလည်း အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ အသက် ၂၅ နှစ်အောက် နွေရာသီဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရေကြည် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် အသက် ၂၅ နှစ်အောက် နွေရာသီဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီတွင် မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ကျုံပျော်ခရိုင်အတွင်းရှိ အသက် ၂၅ နှစ်အောက် နွေရာသီဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) ဗိုလ်လုပွဲအဖြစ် ငါးသိုင်းချောင်းအသင်းနှင့် ကွမ်းသီးချောင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ငါးသိုင်းချောင်းအသင်းက အနိုင်ရရှိခဲ့သည်။ ထို့နောက် ပွဲစဉ်တစ်လျှောက် ဂိုးအများဆုံးဆု၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆု၊ အလယ်တန်း အကောင်းဆုံးအားကစားသမားဆု၊ နောက်တန်း အကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသော ငါးသိုင်းချောင်းအသင်းအား ပထမတံခွန်စိုက်ဖလားနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မတ် ၂၇ ရက်မှ မေ ၇ ရက်အထိ ကျင်းပပြီးဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၈

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၀၄,၀၆၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် မေ ၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ခရိုင် ရှစ်ခရိုင်မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြီးခဲ့သည့်နှစ်အားနည်းချက်များကို သုံးသပ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အစမှပင် ဆောလျင်စွာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒေသလိုအပ်ချက်များကိုလည်း ဒေသခံပြည်သူများ၏ တင်ပြချက်များအား အလေးထား၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်စေရေးနှင့် စံနမူနာပြတိုင်းဒေသကြီးဖြစ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍများအလိုက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း တာဝန်များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား သက်ဆိုင်ရာခရိုင်များ၏ ဒေသန္တရစီမံကိန်းတာဝန်များကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အင်းခေါင်းကန်အား ကွင်းဆင်းကြည့်ရှု

**ရပ်စောက် မေ ၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူတို့သည် ယမန်နေ့ နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ်ရှိ အင်းခေါင်းကန်အတွင်း နွားများ၊ မှော်များ၊ ဒိုက်များ ဆည်ယူနိုင်ရန် သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရပ်စောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေသော ဒေသခံများက ရှင်းလင်းတင်ပြကြရာ တင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရပ်စောက်မြို့နယ်



ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာခန်းမ၌ ညွှန်ကြားရေးမှူး ဦးညွန့်ဌေးက ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းအား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်ပေးနိုင်ခြင်းနှင့် လယ်မြေဧရိယာများသို့ စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်ခြင်းနှင့် မိတ္ထီလာလွင်ပြင်ဒေသရှိ လယ်ယာမြေ ဧရိယာများအား ဆည်ရေလုံလောက်စွာပေးဝေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) အာလူးစိုက်ခင်းနှင့် ဗထူးစမ်းမှ ထွက်ရှိသောရေများအား ရှမ်းပြည်နယ် အစိုးရအဖွဲ့က တည်ဆောက်ထားသော စိုက်ပျိုးမြေ ၁၇၅ ဧကကို အကျိုးပြုသော ရေလွှဲဆည်အား သွားရောက်ကြည့်ရှုကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်

**လပွတ္တာ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား မီးဘေးဇာတ်တိုက်လေ့ကျင့်၊ သရုပ်ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများက လက်တွေ့မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို ယမန်နေ့ နံနက် ၈ နာရီက အမှတ်(၁၀)ရပ်ကွက်ရှိ ရတနာဒီပအားကစားကွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်က ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် ဆီမီးလောင်မှု၊ ငြိမ်းသတ်မှုနည်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

သုတကျော်

## နိဒါန်း

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင် အခြေခံပြီး မိမိတို့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီဟူ၍ရှိသည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/ ၂၀၂၃)၊ (၃/ ၂၀၂၃)တို့ဖြင့် လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

## ပါတီစုံဒီမိုကရေစီစနစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏အခြေခံမူများအခန်း၊ ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်၊ ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးစည်းမျဉ်း စသည်တို့ ခိုင်မာစွာ ရှိရမည်ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူလူထု၏ ရွေးကောက်တင်မြှောက်မှုကြောင့် အစိုးရအဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲဖွဲ့စည်း ဖြစ်ပေါ်လာနိုင်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော ဒီမိုကရေစီအစိုးရ၊ တစ်နည်းအားဖြင့် ပြည်သူ့အစိုးရဖြစ်ပေါ်လာမည်ဖြစ်သည်။ ပါတီစုံစနစ်ဆိုသည်မှာ ရွေးကောက်ပွဲများတွင် နှစ်ပါတီနှင့်အထက် ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံကြခြင်းကို ခေါ်သည်။ အများအားဖြင့် ပါတီသုံးပါတီထက် ပိုမိုပါဝင်သောကြောင့် ပါတီတစ်ခုတည်းက နိုင်ငံတော်အာဏာကို လွှမ်းမိုးထားနိုင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ထောက်ခံမှုအပေါ်မူတည်၍ နိုင်ငံတော်အာဏာရရှိနိုင်မည်ဖြစ်သည်။ ဩစတြေးလျ၊ ကနေဒါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ အိုင်ယာလန်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် နော်ဝေ နိုင်ငံတို့သည် ခိုင်မာသောနှစ်ပါတီနှင့် အခြားပါတီငယ်များ ပါဝင်ကိုယ်စားပြုသောစနစ်ကို ကျင့်သုံးနေသောနိုင်ငံများဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် သမ္မတစနစ်ကို စတင်အကောင်အထည်ဖော်ကတည်းက ရှေးရိုးစွဲ ရီပတ်ဘလစ်ကန်ပါတီနှင့် ခေတ်သစ်ဒီမိုကရက်တစ်ပါတီတို့ အပြန်အလှန် နိုင်ငံတော်အာဏာရယူခဲ့ကြသည်။ ပါတီငယ် သို့မဟုတ် တတိယပါတီများရှိသော်လည်း ထောက်ခံအားပေးမှု အနည်းငယ်သာရှိသောကြောင့် အောင်နိုင်သည့်အဆင့်အထိ ရောက်မလာခဲ့ပါ။ ဗြိတိန်နိုင်ငံသည်လည်း နှစ်ပါတီစနစ်ကိုအသုံးချသော နိုင်ငံတစ်ခုဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆကြပြီး အချုပ်အခြာအာဏာကို လေဘာပါတီနှင့် ကွန်ဆာဗေးတစ်ပါတီတို့ တစ်လှည့်စီ ရယူခဲ့ကြသည်။ ပါလီမန်အတွင်းတွင် အခြားသော နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလပါလီမန်အမတ်များလည်း ပါဝင်သည်။ ထို့ကြောင့် နိုင်ငံတော်အာဏာကိုရယူလိုသော နိုင်ငံရေးပါတီများသည် အင်အားတောင့်တင်းခိုင်မာစေရန်အတွက် ပါတီ၏နိုင်ငံရေးဝါဒ၊ သဘောတရားနှင့် လုပ်ငန်းစဉ်တူညီသော နိုင်ငံရေးပါတီများ စုစည်း၍ စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ရေးသည် အရေးအကြီးဆုံး အကြောင်းအရပ်တစ်ခုသာဖြစ်သည်။

## နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် အစိုးရကောင်းတစ်ရပ်ဖြစ်ရန် အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများ လိုအပ်သည်။ အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများကို နိုင်ငံရေးပါတီများက ရွေးချယ်မွေးထုတ်ရန်လိုအပ်သည်။ နိုင်ငံရေးပါတီကောင်းမှ အစိုးရကောင်းရရှိမည်ဖြစ်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ပြည်သူ့အတွက် ရွေးကောက်ပွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ယခင် NLD အစိုးရ၏ ရွေးကောက်ပွဲ မဲမသမာမှုများမှတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာသောနည်းလမ်းဖြင့် အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကို တားဆီးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ် အခြေအနေကြေညာပြီး ပေါ်ပေါက်လာသော အစိုးရဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ပြန်လည်ကျင်းပချိန်တွင် ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိမှသာ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ ဖွဲ့စည်းခဲ့သော CRPH၊ NUG မှ ပေါက်ဖွားလာသည့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ကူညီနေသော EAO များ၏ နိုင်ငံတော်အပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်မှုများ လျော့နည်းပပျောက်၍ လုံးဝရပ်စဲသွားစေရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။ နိုင်ငံရေးပါတီများသည် ပြည်သူလူထုနှင့်အတူ ပြည်သူများကြားတွင် ရပ်တည်နေထိုင်ကြသည့် အဖွဲ့အစည်းများဖြစ်ကြသည်။ CRPH၊ NUG နှင့် နိုင်ငံရေးသမားအချို့၏ ဖြားယောင်းလှုံ့ဆော်တိုက်တွန်းမှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု ထိခိုက်နစ်နာစေရန် သေကျေပျက်စီးဆုံးရှုံးမှုများဖြစ်စေရန်အတွက် အကြမ်းဖက်မှုများ၊ အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ NUG/ PDF အမည်ခံအကြမ်းဖက်သမားများကြောင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူလူထု ၅၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရပြီဖြစ်ကြောင်းကိုလည်း သိရှိရသည်။ သတ်ဖြတ်ခံရသည့် အရေအတွက်မှာ ကလေးသူငယ် ၁၅၆ ဦး၊ ပညာရေးဝန်ထမ်း ၇၁ ဦး၊ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၅ ဦး၊ ဒေသခံအုပ်ချုပ်ရေးမှူး ၇၄၄ ဦးနှင့် ရဟန်းသံဃာများအပါအဝင် အပြစ်မဲ့ပြည်သူ ၅၂၄၇ ဦးခန့် သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။ အကြမ်းဖက်မှုများ၊ အဖျက်အမှောင့်များ တားဆီးကာကွယ်နိုင်ရန်နှင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု ထပ်မံမဖြစ်ပွားစေရေးအတွက် သတင်းပေးခြင်း၊ လုံခြုံရေးအဖွဲ့အစည်းများနှင့်အတူ မိမိတို့၏ ရပ်ရွာဒေသ ငြိမ်းချမ်းသာယာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီအသီးသီးက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှသာ တိုင်းပြည်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာမည်ဖြစ်သည်။ ပြည်သူလူထု၏အေးချမ်းသာယာရေးနှင့် နေထိုင်မှုဘဝ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူလူထု၏ထောက်ခံမှုကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူလူထု၏ ထောက်ခံမှုသည် နိုင်ငံရေးပါတီများအတွက် ရေရှည်ရပ်တည်နိုင်ရန် အဓိကလိုအပ်သည်။

အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများသည် အစိုးရတစ်ရပ်အတွက် နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် အမျိုးသားအကျိုးစီးပွား နစ်နာမှုဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုက ၎င်းတို့ကို ကိုယ်စားပြုမည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့်စနစ်ဖြစ်သောကြောင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ပြည်သူလူထု၏ ရွေးကောက်ပွဲဖြစ်သကဲ့သို့ အနာဂတ်မြန်မာနိုင်ငံတော်ကို ပုံဖော်ဖန်တီးသွားရမည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများနှင့် နိုင်ငံသားအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာ ဆောင်ရွက်ရမည်ဖြစ်သည်။

## တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပါတီများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ရှိသဖြင့် နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပါတီ ၆၃ ပါတီရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိပါက မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားဆောင်ရွက်နိုင်သည်။

## ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် နိုင်ငံရေးပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီများ

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၆၃ ပါတီအနက် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၂ ပါတီဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၁ ပါတီဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများသည် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရပါက ပြည်ထောင်စုအစိုးရအဖွဲ့ကို ကိုယ်စားပြု၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးချယ်ခံရပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် ပါဝင်ခွင့် ရရှိမည်ဖြစ်သည်။

ပြည်ထောင်စုအဆင့်လွှတ်တော်များ၊ အစိုးရအဖွဲ့များတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်းကောင်း ပြည်သူကိုကိုယ်စားပြုခွင့်ရရှိမည့် အဖွဲ့အစည်းများဖြစ်သည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အခြေခံလူတန်းစားများဘဝမြင့်မားအောင် ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုများ၊ ဥပဒေမဲ့လုပ်ရပ်များ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို နှောင့်ယှက်ဖျက်ဆီးနေမှုများကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းကာကွယ်တားဆီးကြရမည်။ မိမိတို့ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုကို စောင့်ရှောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက်၊ ပြည်သူအတွက်၊ မိမိတို့ဒေသအတွက် အစိုးရကောင်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏အချုပ်အခြာအာဏာကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် ဖွဲ့စည်းတည်ဆောက်ရမည်ဖြစ်သည်။

> **နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကို ကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများဖြစ်ပါသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သည့် နိုင်ငံရေးပါတီများဖြစ်ရန်လိုပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်စေရန် တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့် လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်**

(ဆက်လက်ဖော်ပြပါမည်)

# သကြင်္န်ကာလအတွင်း ညောင်ရွှေမြို့ အင်းလေးရေပေါ်သင်္ကြန်အား ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်လျက်ရှိသည့် အင်းလေးPDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား အချိန်မီကြိုတင်သတင်းလက်ဦးမှု ရယူဖမ်းဆီးရမိ

၂၉-၁၂-၂၀၂၂ ရက်တွင် အင်းလေးဒေသအတွင်း၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု




**နေပြည်တော် မေ ၈**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်နေသည့် နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။

ထို့အပြင် အင်းလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သည့် သင်္ကြန်ကာလအတွင်း အင်းလေးဒေသ၌ အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုကို နှောင့်ယှက်ဖျက်ဆီးရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန်အတွက် ရေပေါ်သင်္ကြန်ပြုလုပ်မည့်နေရာများတွင် ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများမှ လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အင်းလေးဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သမားများ၏အန္တရာယ်မှ တားဆီးကာကွယ် နှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား ကြိုတင်သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ် ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် သတင်းစုံစမ်းစစ်ဆေး ဖော်ထုတ်မှုများကြောင့် ၂၀၂၃ ခုနှစ် မေ ၅ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ မိုင်းလီ (၅) ရပ်ကွက်၌ အင်းလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် လေးလွင်မျိုး(ခ) ကိုမျိုး(ခ)ပူတူးနှင့် ခိုင်ဇာဝင်းတို့အား လက်လုပ်လေသေနတ်တစ်လက်၊ လက်လုပ်ရှေ့ထွက်မိုင်းခြောက်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ရှစ်လုံး၊ လက်လုပ်သေနတ်ပြောင်း နှစ်ခု၊ လက်လုပ်ကျည်ရိုက်တံ တစ်ခု၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် PVC ပိုက် ရှစ်ချောင်း၊ စနက်ကြိုးခြောက်ချောင်း၊ ဝရိန်စက်တစ်လုံး၊ ဖောက်စက်တစ်ခု၊ ကန့် ၁၀ ကျပ်သား၊ ယမ်း ၂၅ ကျပ်သား၊ မီးသွေးမှုန့် ၁၀ ကျပ်သားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လေးလွင်မျိုး(ခ) ကိုမျိုး(ခ) ပူတူးသည် NLD ပါတီ အမာခံများဖြစ်သည့် တရားခံပြေး ကျော်မင်းဟိန်း(ခ)ကျော်ကြီးနှင့် ကိုစိုင်း (ခ) အင်းဆားကူးတို့၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဖယ်ခုံမြို့နယ် ကာဟန့်ကျေးရွာအနီးရှိ အင်းလေး PDF အမည်ခံ ရင်း (၁၀၀၉) ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ပြီး လက်လုပ်မိုင်းပြုလုပ်နည်းနှင့် ဖောက်ခွဲနည်းများကို သင်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်သင်တန်းဆင်းပြီးနောက် တရားခံ လေးလွင်မျိုး(ခ) ကိုမျိုး(ခ) ပူတူးသည် ညောင်ရွှေမြို့ မိုင်းလီ(၅)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်သို့ ပြန်လာခဲ့ပြီး ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ တရားခံ ခိုင်ဇာဝင်းနှင့်အတူ လက်လုပ်မိုင်းများကို စတင်စမ်းသပ်ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် တရားခံ လေးလွင်မျိုး (ခ)ကိုမျိုး(ခ)ပူတူးသည် လက်လုပ်မိုင်းများနှင့် ရှေ့ထွက်လက်လုပ်မိုင်းများကို ကိုယ်တိုင်ပြုလုပ်ကာ ပေါက်ကွဲအား ပြင်းထန်သည့် ယမ်းနှင့် မိုင်းများအား ငါးဂါလန်ဆံ့ အဝါရောင်ဆီပုံးများအတွင်းသို့ ထည့်သွင်းကာ အင်းလေးဒေသ၌ အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေပေါ်သင်္ကြန်ပြုလုပ်မည့်နေရာများသို့ ရေမျှော၍ အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်ထားကြောင်း၊ ထို့အပြင် သင်္ကြန်ကာလအတွင်း ညောင်ရွှေမြို့ပေါ်၌ အများပြည်သူများ ထိတ်လန့်ကြောက်ရွံ့၍ ရေကစားမှုမရှိစေရန် ရည်ရွယ်၍ သင်္ကြန်မတိုင်မီ ကာလတွင် မြို့နယ်လဝကရုံး၊ မြို့နယ်သမဝါယမရုံးနှင့် မြို့နယ်စည်ပင်ရုံးတို့ကို မိုင်းထောင်ဖောက်ခွဲရန် စီစဉ်ထားကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ အောင်မြင်ပါက တရားခံပြေး ကိုစိုင်း(ခ)အင်းဆားကူးက ငွေကျပ်ငါးသိန်းပေးမည်ဟု ညှိနှိုင်းသဘောတူထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ NLD ပါတီ အမာခံများဖြစ်သည့် တရားခံပြေး ကျော်မင်းဟိန်း(ခ)ကျော်ကြီးနှင့် ကိုစိုင်း(ခ)အင်းဆားကူးတို့သည်

စာမျက်နှာ ၁၅ သို့ ✪

၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်တွင် ညောင်ရွှေမြို့ မိုင်းလီ (၅)ရပ်ကွက်၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် အင်းလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ



လေးလွင်မျိုး(ခ)
ကိုမျိုး(ခ)
ပူတူး



ခိုင်ဇာဝင်း
(လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူး
နှင့် တရားမဝင်ပေါင်းသင်းနေသူ)

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ခိုင်းစေသည့် NLD ပါတီအမာခံ တရားခံပြေးနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



ကျော်မင်းဟိန်း(ခ)
ကျော်ကြီး



ကိုစိုင်း(ခ)
အင်းဆားကူး



၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ညောင်ရွှေမြို့ မိုင်းလီ (၅)ရပ်ကွက်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းနှင့် မိုင်းများ၏ မှတ်တမ်းဓာတ်ပုံ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းရပ်ကွက်နေ နေခြည်အောင်သည် ၎င်းအသုံးပြုသည့် “Nay Chyi Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၈၈)ရပ်ကွက်နေ သဥ္ဇာဦး (ခ) သဲသဲသည် ၎င်းအသုံးပြုသည့် “Thae Thae” Facebook အကောင့်နှင့် ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်နေ ရွှေစင်ဖြိုးဝင့်သည် ၎င်းအသုံးပြုသည့် “Shwe Zin Phyo Wint” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။














၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

❂ စာမျက်နှာ ၁၄ မှ

၎င်းတို့ ထောက်ခံအားပေးသည့် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီအဖြစ် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သောကြောင့် မတ် ၂၉ ရက်မှစတင်၍ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ကာ ပါတီအား ဖျက်သိမ်းလိုက်ခြင်းအပေါ် ကျေနပ်မှုမရှိ၍ လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဟဲဟိုးမြို့နယ် ညောင်ခါးရှည် ကျေးရွာအနီး၌ အင်းလေးဖောင်တော်ဦးဘုရားနှင့် ရွှေအင်းတိန်ဘုရားများသို့ ဘုရားဖူးရန် လာရောက်သည့် အပြစ်မဲ့ပြည်သူများကို သေကျေပျက်စီးစေရန်နှင့် ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဝင်ရောက်လာသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) PDF အမည်ခံ အကြမ်းဖက် အဖွဲ့ခေါင်းဆောင် ဇော်ဇော်အောင်(ခ)ဆရာကျောင်း အပါအဝင် အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး ဖမ်းဆီးခံခဲ့ရသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ထက်ကြပ်မကွာ လိုက်လံရှင်းလင်းချေမှုန်းမှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင် လေးဦးသေဆုံးပြီး လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအမြောက်အမြား သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသောကြောင့် လည်းကောင်း၊ အင်းလေးဒေသအတွင်း ရေပေါ်သင်္ကြန်ကျင်းပကာ ပျော်ပွဲရွှင်ပွဲများပြုလုပ်၍ စည်ကားမှုတို့အပေါ် မနာလိုမရှုဆိတ်သည့် စိတ်ဖြင့် အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုမရှိစေရန်နှင့် ထိတ်လန့်ကြောက်ရွံ့စေရန်အတွက် လည်းကောင်း၊ ရေပေါ်သင်္ကြန် ပြုလုပ်မည့်နေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် ခိုင်းစေခဲ့ပြီး တရားခံ လေးလွင်မျိုး (ခ) ကိုမျိုး (ခ)ပူတူး အနေဖြင့်လည်း ငွေကြေးရယူလိုမှုဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နင်း ရှာဖွေစစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ စုပေါင်းဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**မြစ်ကြီးနား မေ ၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား မဟာသင်္ကြန်ပွဲတော်ကာလနှင့် မြန်မာနှစ်သစ်ကူးအခါသမယ၌ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ စုပေါင်းဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**လှူဖွယ်ပစ္စည်းများလောင်းလှူ**

အဆိုပါအခမ်းအနားတွင် သိမ်ဆင်းဒုလ္လဘရဟန်းများအား သိမ်ဆင်းလောင်းလှူပူဇော်ရာ မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်ဆရာတော် ပြည်နယ်သံဃနာယကအကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေတုမာလာအမှူးပြုသောဆရာတော်၊သံဃာတော်များ၊ သိမ်ဆင်းရဟန်းသံဃာများနှင့် သီလရှင်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒုလ္လဘရဟန်းခံပုဂ္ဂိုလ်များ၏ မိသားစုဝင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် ဒုလ္လဘရဟန်းများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**လျှောက်ထားတင်ပြ**

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာတရားတော် နာယူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပရိတ်တရားတော်များ နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**တာချီလိတ် မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ငွေတောင်ဦးကမ္ဘဌာန်းကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တကုဝေရက သာရဏီရ တိုက်တွန်းလွှာဂါထာတော်ကို ဖတ်ကြားပူဇော်ကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အစိုးရပါဠိပထမပြန်စာမေးပွဲပထမကြီးတန်း စာအောင်သံဃာတော်နှစ်ပါး၊ ပထမလတ်တန်း စာအောင်သံဃာတော် ငါးပါး၊ အခြေပြုမူလတန်း စာအောင်သံဃာ ၁၈ ပါး၊ သီလရှင်နှစ်ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆု နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်တို့က အစိုးရပါဠိပထမပြန်စာမေးပွဲ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ငွေတောင်ဦးကမ္မဌာန်းကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပေးခဲ့ကြောင်း သိရသည်။



သန်းဇော်(တာချီလိတ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၂၉၅ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၅ | ၂၃၈၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၂၈၁၀ |
| 95 Ron | ၂၃၁၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၂၅ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၆၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၈ | ၂၂၁၄ |
| 95 Ron | ၂၂၀၂ | ၂၂၈၀ |
| HSD (500 ppm) | ၂၀၄၂ | ၂၁၁၃ |
| HSD (50 ppm) | ၂၁၁၆ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၆ | ၂၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မုံရွာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် မကျန်-တိုက်ရံကျေးရွာလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသန်းဝင်းခိုင်က တံတားသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းခိုင်တို့က မကျန်-တိုက်ရံကျေးရွာလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လဟယ်မြို့နယ် မကျန်-တိုက်ရံကျေးရွာလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားသစ်သည် အလျား ပေ ၆၀၊ အကျယ် ပေ ၂၀ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး လဟယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့နယ် တိုက်ရံလွင်ပြင်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပြီးစီးမှု ဒေသခံတိုင်းရင်းသားတောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ၊ လယ်ယာသုံးပစ္စည်းများနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားများထံ တောင်သူတစ်ဦးချင်း၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတိုင်းရင်းသားများထံ လယ်ယာသုံးပစ္စည်းများနှင့် သွင်းအားစုများအား ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ယနေ့အခမ်းအနားတွင် လဟယ်မြို့နယ် တိုက်ရံလွင်ပြင်တွင် ကုန်းမြင့်လယ်ယာ ၈၃ ဒသမ ၃၄ ဧကအား ကျေးရွာ ငါးရွာမှ တောင်သူ ၈၃ ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့နယ် တိုက်ရံကျေးရွာ၌ ကုန်းမြင့်လယ်ယာမြေ ငါးဧကဖော်ထုတ်ကာ စိုက်ပျိုးထားသည့် နေကြာသီးနှံနှင့် ပဲပုပ်စိုက်ခင်းအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ တိုက်ရန်ချောင်းကူး ယာယီတံတားအား ဖြတ်သန်းကြည့်ရှု၍ တံတားတည်ဆောက်ရေးအတွက် တာဝန်ရှိသူများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီးနောက် တိုက်ရံကျေးရွာ၌ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က နှစ်ကူးမဟာသင်္ကြန် နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးကိုယ်စားပြု အကအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ကိုယ်စားပြုအကအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြုအကအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြုအကအဖွဲ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု အကအဖွဲ့တို့က မဟာသင်္ကြန်ယိမ်းအကများနှင့် ဖျော်ဖြေတင်ဆက်မှုများ၊ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုများကို အကဲဖြတ်ဒိုင်များအဖြစ် အကယ်ဒမီ နေအောင်၊ အကယ်ဒမီ မေသန်းနုနှင့် လှမျိုးသဉ္ဇာနွယ်တို့က ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဖျာပုံခရိုင်၌ ဒေသန္တရစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး တာဝန်ပေးအပ်

**ဖျာပုံ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် လေးမြို့နယ်အတွင်း ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်(ဧပြီလမှမတ်လအထိ)အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်(ဧပြီလမှမတ်လ)ဒေသန္တရစီမံကိန်း ဥပဒေတွင်ပါဝင်သည့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အမျိုးသားမျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့အတွက် တစ်ဖက်တစ်လမ်းမှဆောင်ရွက်ရင်း မိမိခရိုင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းဝင်ဌာနဆိုင်ရာများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဝင် လေးမြို့နယ်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**၂၀၇**

# လှည်းကူးမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လှည်းကူး ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက သစ်တောပျိုးဥယျာဉ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။



**စုစုပေါင်း ၁၄၄ ပင် စိုက်ပျိုး**

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် လှည်းကူးမြို့နယ် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်၊ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းတို့က ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ ဒေသနေပြည်သူများက ကျွန်းပင်၊ ပိတောက်ပင်၊ မဟော်ဂနီပင်၊ ပျဉ်းမပင်၊ ချင်း(ဂျင်း)၊ တည်းပင်၊ ပျဉ်းကတိုးပင် စုစုပေါင်း ၁၄၄ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် လူထုဖြန့်ဝေရန် ပျိုးပင်ပေါင်း ၇၀၀၀၀ နှင့် အထူးပျိုးထောင်ပင် ၁၂၀၀၀ တို့ကို ပျိုးထောင်ထားပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❒ ပါရီအိုလံပစ်မှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမအကျော့တွင် ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အီရန်အသင်းကလည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးရရန် ကြိုးပမ်းခဲ့သည်။ အီရန်အသင်းသည် တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ပွဲကစားချိန် ၁၃ မိနစ်တွင် ဇန်ဒီက ညာတောင်ပံမှ ဆွဲပြေးပြီး မြန်မာဂိုးသမား မေဇင်နွယ်ကိုပါ ကျော်ဖြတ်ကာ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး လေးမိနစ်အကြာတွင် မြန်မာအသင်း ချေပဂိုးပြန်ရနိုင်မည့် အကောင်းဆုံးအခွင့်အရေးရခဲ့ပြီး ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဝင်းသိင်္ဂီထွန်း ဂိုးဝင်အောင် မသွင်းယူနိုင်ခဲ့ပေ။ ၅၇ မိနစ်တွင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ခေါင်းတိုက်ပြီး မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ လက်ကျန်မိနစ် ၃၀ ကျော်တွင် မြန်မာအသင်း ဂိုးရရန် တောက်လျှောက်ကြိုးပမ်းသော်လည်း အီရန်ခံစစ်က အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။ **ကိုညီလေး**

# ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး ဘားကပ်နှင့် တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၈

ရေအရင်းအမြစ်စီမံခန့်ခွဲမှု အားကောင်းလာစေရေးနှင့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် မြစ်ရေတင် အကျိုးပြုဧရိယာများအတွင်း စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးချုပ်သည် ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေးနှင့် စိုက်ကေများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် 37 KW Motor နှစ်စုံကို ဆိုလာစနစ် ပြောင်းလဲတပ်ဆင်တပ်ဆင်ရန်၊ ရေဝပ်ဧရိယာများတွင် ရေနုတ်မြောင်းများ တူးဖော်ပေးရန် လမ်းညွှန်မှာကြားကာ ရသေ့ပျံ၊ ဘားကပ်၊ တောကြီးကုန်း၊ ဆင်ကျုံးကျေးရွာတို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နှစ်သီးစားမှ သုံးသီးစားသို့ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံပုံစံနှင့် မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ နည်းပညာနှင့် အကူအညီများ ပေးအပ်နိုင်ရေး၊ စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် 37 KW Motor လေးစုံဖြင့် သံလွင်မြစ်မှရေကို လျှပ်စစ်ဖြင့်စုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေ၊ ရသေ့ပျံကွင်း၊ ဘားကပ်အနောက်ကွင်းတို့တွင် ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေကိုရယူ၍ နွေသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တရုတ်လှ၊ ထောင်ဝိ၊ ရဲသာ (ကမော့ကစင်)၊ နောင်ခလိုင်၊ ကော့ခမိတ်ကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်၊ သီးညှပ်များဖြင့် နှစ်သီးစားမှ သုံးသီးစားထိ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မင်းပြားမြို့နယ်နှင့် ပေါက်တောမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၈

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မြောက်ဦးခရိုင် မင်းပြားမြို့နယ်နှင့် စစ်တွေခရိုင် ပေါက်တောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## တည်ငြိမ်အေးချမ်း

မင်းပြားမြို့ ရာမောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် မင်းပြားမြို့သည် ယခင်နှစ်များထက် တိုးတက်ပြောင်းလဲလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေး၊ စားရေရိက္ခာဖူလုံရေးအတွက် အဓိကဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မင်းပြားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း RCC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေခရိုင် ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

## မြို့မဆိပ်ခံတံတား

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၆ ရက် ညနေပိုင်းက မင်းပြားမြို့ မြို့မဆိပ်ခံတံတား ချဉ်းကပ်လမ်း ဒီရေတိုက်စားမှုကြောင့် ပျက်စီးနေမှုကို ပြန်လည်ပြုပြင်နိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# လွိုင်ကော်မြို့၌ ပြည်နယ်ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၈

ကယားပြည်နယ် နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ပြည်နယ်ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၂/၂၀၂၃)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

## လေ့လာဆန်းစစ်

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်နယ်အတွက် အမှန်တကယ် အကျိုးရှိပြီး ကျေးရွာလူထုကိုယ်တိုင်ပါဝင်သည့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုး မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို လျာထားသတ်မှတ်ချက်များ ကျော်လွန်အောင် အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ရေအရင်းအမြစ် မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းများဖြင့် လက်တွေ့အကောင်အထည်ဖော် ပံ့ပိုးဆောင်ရွက်ပေးပြီး လုပ်ငန်းအောင်မြင်မှု အခြေအနေများကို လေ့လာဆန်းစစ်၍ ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်ပတ်သက်၍ ညွှန်ကြားချက်များကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအံ့မော်ကလည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးက မိမိကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို Power Point ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# မိုင်းတုံမြို့နယ် နားကောင်းမှူး(လီဆူ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ပြီးစီးမှုစစ်ဆေး

မိုင်းတုံ မေ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် နားကောင်းမှူး(လီဆူ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် နားကောင်းမှူး(လီဆူ)ကျေးရွာတွင် အရှည်ပေ ၄၅၀၀ ရှိ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၂ ဒသမ ၃၅ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၂ ဒသမ ၃၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ (၈၀x၈၀)ပေ၊ ဧရိယာ(၀.၁၄၆)ဧကရှိ မြေကွက်အမှတ်(ဒ-၃၀၃၁၃)သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူလက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရှောင်ဖင်(ခ)ရဲထွဋ်ဝင်း၊ (ဘ)ဦးဖန်(ခ)အောင်စွန်ကြူး [၇/ပမန(ဧည့်)၀၀၀၀၆၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြမြစိန်(ဘ)ဦးချစ်စိန် [၁၂/သကတ(နိုင်)၀၉၇၀၂၅]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြစိန်(ဘ)ဦးချစ်စိန် [၁၂/သကတ(နိုင်)၀၉၇၀၂၅]၏လွှဲအပ်ချက်အရ**
**ဦးမင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဥ်းမနားမြို့။**
**ဖုန်း - ၀၉-၄၃၀၂၀၂၉၁၊ ၀၉-၉၄၃၀၂၀၂၉၁**

## "ဦးထွန်းမြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၈)နေ ဒေါ်မြင့်မြင့်ဝင်း [၁၂/စခန(နိုင်)၀၀၈၁၃၈]၊ ဒေါ်မြင့်မြင့်မွေး[၆/ထဝန(နိုင်)၀၄၀၄၅၇]၊ ဒေါ်မြင့်မြင့်စန်း[၁၂/စခန(နိုင်)၀၀၉၀၈၃]၊ ဒေါ်မြင့်မြင့်ထွေး [၁၂/စခန(နိုင်)၀၀၉၀၈၄]၊ ဒေါ်ဥမ္မာနှင်းသူ[၁၂/စခန(နိုင်)၀၅၆၂၁၈]၊ ဦးထက်နိုင်မင်းသူ [၁၂/စခန(နိုင်)၀၆၂၃၈၉]၊ ဒေါ်ပန်းမို့မို့စံ[၁၂/စခန(နိုင်)၀၆၄၃၄၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ်(၂၈)၊ ဗဟိုလမ်း၊ မြေကွက်အမှတ်(၂၇/D) ဦးထွန်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းမှာ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် လက်ဝယ်ထားရှိသူများက (၁၄)ရက်အတွင်း ကျွန်ုပ်၏အမှုသည်များထံ ပြန်လည်အပ်နှံပါရန်နှင့် အထက်ဖော်ပြပါ ဦးထွန်းမြင့်၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူအားလုံး၏ အတိအလင်း သဘောတူညီချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလင်း LL.B, H.G.P, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၀၁၁)**
**အမှတ် (၄၇) ၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၃၅၆၃၅၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကံကလေးရပ်ကွက်နေ (ဘ) ဦးဝင်းနိုင်[၁၄/ပသန(နိုင်)၀၉၃၅၇၀] နှင့် (အမိ) ဒေါ်စန်းစန်းနွဲ့[၁၄/ကကန(နိုင်)၀၀၀၉၉၈]တို့၏ သမီးဖြစ်သူ မစန်းပပဝင်း[၁၄/ကကန(နိုင်)၁၃၄၂၆၁]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ ဦးဝင်းနိုင်-ဒေါ်စန်းစန်းနွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၅၉၈၊ မြေကွက်တည်နေရာအမှတ်-၅၉၈၊ ပဒုမ္မာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးခင်မောင်ကြီး (SRM-008399) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက်-ဦးခင်မောင်ကြီး (ဖခင်) ဖြစ်သူသည် (၁-၉-၂၀၀၆)ရက်တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်စုစုသည်(၄-၅-၂၀၁၅)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခင်အေးယု [၁၂/မရက(နိုင်)၀၃၇၉၇၂]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း ဖခင်ဖြစ်သူ ဦးခင်မောင်ကြီးသည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက ကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိခင်ဖြစ်သူ ဒေါ်စုစုသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကတိသစ္စာပြုလွှာအမှတ် - ၁၀၀၅/၂၂ (၂၅-၁၁-၂၀၂၂)၊ အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ မိခင် ဖခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန် မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁) ထပ်၊ သွပ်မိုးတိုက်(၁)လုံးရှိပြီး လူမနေသော့ပိတ်၍ လျှောက်ထားသူ၏ တူမမှ အိမ်သော့ဖွင့်ပြပြီး တူမ ဒေါ်ခိုင်ဇင်တင်ဦးမှ သိရှိသဘောတူ လက်မှတ်ရေးထိုးပေးပါသဖြင့် တူမဖြစ်သူမှ နေအိမ်အား သော့ဖွင့်ပြခြင်းနှင့် ပတ်သက်၍ ဝန်ခံကတိပြုတင်ပြ၍ ဒေါ်ခင်အေးယု၏ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/B)၊ မြေကွက်အမှတ် (၅၅၂)၊ ဧရိယာပေ (၄၀x၆၀) မြေကွက်ကို မြေချပါမစ်အမှတ်-၁၄၆၆ (၈-၁၀-၁၉၉၀) အရ အထက်တန်းပြဆရာမ ဒေါ်ခင်လှိုင်သော် (AE-၂၂၄၇၉၇၊ [၁၂/သဃက (နိုင်) ၀၀၈၁၂၁] အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ ချထားပေးခဲ့ပါသည်။ ၎င်းမြေချပါမစ်ကို အာမခံထား၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၄)ထံမှ ငွေချေးခဲ့ပါသည်။ အဆိုပါချေးငွေကို ပေးဆပ်ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်စပ်လျဥ်း၍ မြေငှားဂရန်လျှောက်ထားခဲ့ရာတွင် မြေငှားဂရန်ကို တိုင်းပညာရေးမှူးရုံးက ထုတ်ယူခဲ့ပါသည်။ အဆိုပါတိုင်းပညာရေးမှူးထံမှ မြေငှားဂရန် (မူရင်း) ထုတ်ယူရန် စီစဥ်လျက်ရှိပါသည်။ ဖော်ပြပါ ပါမစ်မြေကွက် အကျိုးခံစားခွင့်များနှင့် စပ်လျဥ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဒေါ်ခင်လှိုင်သော်က ဂရန်မူရင်း ထုတ်ယူမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါ်ခင်လှိုင်သော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဥ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)**
**အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၀၃၂၃၈၊ ၀၁- ၂၂၃၉၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင်(၃)လမ်း၊ မြေကွက်အမှတ်(၂၂၂)၊ မြေအကျယ်အဝန်း ပေ(၄၀x ၆၀)၊ ဧရိယာ(၀.၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ချိုချိုအောင် [၁၂/ဗတထ(နိုင်)၀၀၆၃၅၇] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဥ်ယဥ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂၁**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၉၄)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၇)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား၁၂ပေခွဲ x အနံ ၅၅ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဥ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် (၁)ဦးခင်မောင်ဝင်းရွှေ[၁၂/တမန(နိုင်)၀၃၇၆၀၈]နှင့် ဒေါ်စိုးညွှန့်[၁၂/တမန(နိုင်)၀၁၉၉၇၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခိုင်ကျော်ညို[၁၂/ဒဂဆ(နိုင်)၀၁၂၂၉၆]သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၆-၄-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဥ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးချစ်(LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၂၇၄)** | **အထက်တန်းရှေ့နေ(စဥ်-၅၀၀၁၆)** |

**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-778849700, 09-773562082**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယု(၂)လမ်း၊ အမှတ်(၇၁)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ နှစ်(၆၀) ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (၁၄ x ၆၀)ပေ(ခြေရင်းခြမ်း)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဇော်ထွန်း [၁၂/ဥကမ(နိုင်)၁၈၀၀၇၅] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်မြင့် [၁၂/ဗဟန(နိုင်)၀၆၁၇၃၈]က အပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ စရန်ငွေအား ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နော်စေးရာလ်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်- ၄၈၉၆၂)**
**အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။**
**ဖုန်း-၀၉-၄၀၈၇၅၆၀၈၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၀၊ အောက်ပိုင်း) ဦးပိုင်အမှတ်(၂ᶜ)၊ ဧရိယာ(၀.၀၅၅) ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၃)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၁၈၄)နေ ဒေါ်အေးအေးမြိုင် [၁၄/ဓနဖ(နိုင်) ၀၀၇၉၁၉] မှ မြေငှားဂရန်သစ်ရရှိရေးအတွက် နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်စာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သစ်ထုတ် ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂/ပန်းလှိုင်၊ မြေကွက်အမှတ်-၄၄၊ ဧရိယာ(၀.၄၇၈)ဧက နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလင်ယုကင်း(ခ)ဦးတင့်လွင်၊ ဒေါ်ကျင်ထို ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အမည်ပေါက်ဖြစ်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရီဝေလှိုင်[၁၃/တကန(နိုင်)၂၂၀၁၆၉]မှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၆၁၅/၂၀၂၂၊ နေ့စွဲ (၁၈-၈-၂၀၂၂) နှင့် ကျမ်းကျိန်လွှာအမှတ်စဥ်(၄၃၂/၂၀၂၃)၊ နေ့စွဲ (၁၆-၃-၂၀၂၃)တို့တင်ပြ၍ မြေနယ်နိမိတ် နယ်သတ်လေးရပ် တိုင်းတာပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ-၅လမ်း၊ အမှတ်(၁၂၉)၊ ဒုတိယထပ်(3/A)၊ အကျယ်အဝန်း ပေ(၁၂ $\frac{3}{2}$ x ၅၀ )ရှိ တိုက်ခန်းသည် အဆက်အစပ်ကတိစာချုပ်များဖြင့် ဦးညီညီအောင် [၁၂/ရကန(နိုင်)၁၀၁၄၁၉] မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ၍ ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုစိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၄၆၃)**
**ဖုန်း-၀၉-၅၁၈၄၅၈၆၊ ၀၉-၉၅၅၁၈၄၅၈၆**
**အမှတ်(၁၉၅)၊ ဒုတိယထပ်၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ မင်းသိင်္ခကျော်စွာလမ်း၊ အမှတ်(၈၁)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ဆောင်လျက်ရှိသော VIVO GROUP COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။




အထက်တွင် ကပ်နိုပ်ဖော်ပြထားသော "ကစ်ကစ်"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ VIVO GROUP COMPANY LIMITED သည် "ဆန်မှုန့်၊ ဂျုံမှုန့်တို့ဖြင့် ပြုလုပ်ထားသော ကွတ်ကီး၊ ပေါင်မုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ အခွံမာသစ်သီးနှင့် ဟင်းသီးဟင်းရွက်ထုတ်ကုန်ပစ္စည်းအမျိုးမျိုး၊ ချောကလက်နှင့်အချိုမုန့်အမျိုးမျိုး" တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍သော်လည်းကောင်း အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မောင်မောင်**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၁၁)**
**အမှတ်(၂၈)၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၉၂၃၀၄**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကျိုက်သလဲကျေးရွာနေ (ဘ) ဦးမင်းသိန်း၏ သမီး ဒေါ်ငြိမ်းစုမွန် [၁၂/တတန(နိုင်)၂၀၀၃၁၆]သည် ကျိုက်သလဲကျေးရွာအုပ်စု၏ အငယ်တန်းစာရေးတစ်ဦးဖြစ်ပါသည်။ ဒေါ်ငြိမ်းစုမွန်နှင့် ပတ်သက်၍ ဂုဏ်သိက္ခာထိခိုက်အောင် ပြောဆိုစွပ်စွဲခြင်းများ မပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၁၀၆၂၃)** | **(စဥ်-၁၄၂၁၆)** |
| **၀၉-၂၅၃၂၂၅၁၅၁** | **၀၉-၂၅၄၂၁၈၀၂၄** |

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြစ်ပယ်လမ်းနှင့် မြရတနာလမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၁)၊ မြေကွက်အမှတ်-E2 တွင် (၁)ထပ် Steel (Pitch Roof) (ဆောက်လုပ်ရေးပစ္စည်းသိုလှောင်ရုံ)(၂)လုံး + (၃)ထပ် Steel (Slab Roof) (Staff Quarter & Office) (၂)လုံး စုစုပေါင်း အဆောက်အဦ(၄)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့် အမည်ပေါက် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၈၈၆/ ၂၀၀၄-၂၀၀၅)ထံမှ နှစ်ရှည်မြေငှားရမ်းထားသူ BONDSIN METAL (MYANMAR) Co.,Ltd ၊ Company Registration No , 115535668 မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဥ်း၍ ပူးတွဲတင်ပြထားသော စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြရတနာ(၃)လမ်း၊ မြေကွက်အမှတ်(၆၅၂)၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ နှစ် (၆၀)ဂရန်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါမြေနှင့်အိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်သူ ဦးစိုးဝင်း [၁၂/တမန(နိုင်)၀၁၇၀၅၀] သည် မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခိုင်**
**LL.B, D.B.L, WIPO, D.L.P (Swit:),**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၂၄၃၈)**
**အမှတ်- ၆၂ (ပထမထပ်)၊ အခန်း (၁၇)၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 420128213**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
## ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာစခန်းဝင်းအတွင်း ၄ ခန်းတွဲ ၄ ထပ်၊ RC အမျိုးအစား လေးဘက်လှ အရာထမ်းဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) ဘုတ်ပြင်းမြို့၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ၄ ခန်းတွဲ ၄ ထပ်၊ RC အမျိုးအစား လေးဘက်လှ ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း

(ဂ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာနှင့် ရပ်ကွက်ကြားရှိ ချောင်းသွယ်အား တုပ်ရိုက်ခြင်းနှင့် မြေကြီးဖို့ခြင်းလုပ်ငန်း

(ဃ) ထားဝယ်မြို့၊ ဆန်းချီဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ ၂ ထပ်၊ တိုက်(၄)လုံး တိုက်အမှတ်(၁၊ ၃၊ ၅၊ ၁၀)အား အကြီးစားပြုပြင်ခြင်းလုပ်ငန်း (မြို့ပြ၊ ရေသန့်၊ အပြင်ဆေးသုတ်ခြင်း၊ အထွေထွေ)

(င) မြိတ်မြို့၊ ဘုရားကိုင်အင်္ဂါအိမ်ရာ ၆ ခန်းတွဲ ၄ ထပ်တိုက်(၂)လုံးအား အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်၊ အထွေထွေ)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၉-၄-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၂-၅-၂၀၂၃ ရက် (သောကြာနေ့) (၁၆:၀၀)နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက် | ၂၄-၄-၂၀၂၃ ရက် (တနင်္လာနေ့)မှ ၁၂-၅-၂၀၂၃ ရက် (သောကြာနေ့) (၁၆:၀၀)နာရီထိ |
| (ဂ) | တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ | - ထပ်မံကြေညာပါမည်။ |

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(မှတ်ချက်။ လုပ်ငန်းအား အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်နိုင်ရမည်။)

**ဆက်သွယ်စုံစမ်းရန်ဖုန်း-၀၅၉-၂၀၂၃၈၆၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (G.P) ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၉-၁-၂၀၁၈) ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၈၈/၂၀၁၈ ဖြင့် မှတ်ပုံတင်ထားသူများဖြစ်သော ကိုယ်စားလှယ်လွှဲအပ်သူ ဒေါ်ဖြူဖြူဝင်း (ဘ)ဦးစံသိန်း၊ [၁၂/အစန(နိုင်)၀၆၆၀၁၄] နှင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်စိန်မေဝင်း[၁၂/စခန(နိုင်)၀၂၅၅၃၉]ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့ပြီး ကိုယ်စားလှယ်လွှဲအပ်သူ ဒေါ်ဖြူဖြူဝင်းမှ ကြော်ငြာသောနေ့မှ စတင်၍ ဒေါ်စိန်မေဝင်းအား ကိုယ်စားလှယ်စာ (G.P)ကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း [၁၂/အစန(နိုင်)၀၆၆၀၁၄]**
**(ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ)**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးပြည့်ဖြိုးဝင်း [၁၂/အစန(နိုင်)၁၆၈၅၁၂]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၃၉၃၆၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆-ဒီ (၁၄၊ ၁၅၊ ၁၆)၊ ကြို့ကုန်း၊ မြေကွက်အမှတ်-၁၃၃ ၀.၀၇၉ ဧက မြေကွက်တည်နေရာအမှတ်(၁၀၀)၊ (၄)လမ်း-မြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန် ဒေါ်ခင်မြိုင်လေး [၁၂/မရက(နိုင်)၀၈၃၄၁၉] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်ခင်မြိုင်လေးသည် (၂၄-၈-၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ ဦးစောသောင်း(ဖခင်) သည် (၂၂-၇-၂၀၂၁) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် (၁)ဦးမျိုးမင်းဦး[၁၂/မရက(နိုင်) ၁၃၃၇၁၇]၊ (၂)ဦးအောင်ကျော်ဇေယျ [၁၂/မရက(နိုင်)၀၀၃၇၈၉] တို့မှ မိခင်၊ ဖခင်တို့တွင် ၎င်းတို့ (၂)ဦး တည်းကိုသာ မွေးဖွားကြောင်း၊ အခြားသော သားသမီး၊ ကိတ္တိမမွေးစားထားခြင်း မရှိကြောင်း၊ ၎င်းတို့ ညီအစ်ကို (၂)ဦးကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းတို့မှ လွဲ၍ အခြား အမွေဆက်ခံသူ မရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ် (၆၀) ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်း စာအုပ်တင်သံစင် (၅)ဆင့်နှစ်ဖက်ပါ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော စာအုပ်တင်သံစင်(၅)ဆင့်နှစ်ဖက်ပါ (၅၀)စင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၄-၄-၂၀၂၃)ရက်မှ (၉-၅-၂၀၂၃)ရက်အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၂၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၉-၅-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန - ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊ - အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀ | ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန - ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၉၀ - အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံလမ်း၊ တိုက်အမှတ်-၅၊ အခန်းအမှတ်-၂၀၁ (ဒုတိယထပ်)၊ အကျယ်အဝန်းပေ(၁၅ x ၅၀) ဟုခေါ်တွင်သော တိုက်ခန်း (၁) ခန်း အပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်ထွေး [၁၂/သကတ(နိုင်) ၀၁၈၅၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B,D.B.L,D.I.L,D.M.L) (စဥ်-၁၆၀၀၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | UPS 650 VA | 10 Nos |
| ၂ | Column Mic | 30 Nos |
| ၃ | Camera Lens 28–300 mm (FX) | 1 No |
| ၄ | External HDD 5TB | 4 Nos |
| ၅ | Digital Camera with Lens, 18–140 mm(kit) | 25 Nos |
| ၆ | PA System | 2 Sets |
| ၇ | TV 43" Smart LED | 15 Nos |
| ၈ | TV 32" Smart LED | 30 Nos |
| ၉ | EVD Player | 15 Nos |
| ၁၀ | Storage Server | 1 No |
| ၁၁ | Digital Cinema Projector<br>Barco Cinema Projector DP2K–10–s<br>Lumens 9000, Resolution 2048 x 1080<br>Pixels 3x0.69"DC2K dark metal devices<br>2.2kw, short–arc Xenon Lamp | 1 No |
| ၁၂ | Projector | 5 Nos |
| ၁၃ | Tripod Screen 84" x 84" (7'x7') | 5 Nos |
| ၁၄ | Air Conditioner 2HP Split Type (R410a) | 20 Nos |
| ၁၅ | Desktop Computer | 40 Sets |
| ၁၆ | Desktop Computer (All in One) | 5 Sets |
